# မန္တလေး နေ့စဉ်

*The Mandalay Daily*

၁၉၉၃ ခုနှစ် ဩဂုတ်လ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၁၀၁) ၊ ၁၃၈၆ ခုနှစ် ၊ တပေါင်းလဆန်း ၁၂ ရက် ၊ ၁၀–၃–၂၀၂၅၊ တနင်္လာနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ် ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော် တပ်မတော်လေဆိပ်၌ ပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုနှုတ်ဆက်စဉ်။

# နိုင်ငံတော်အတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဘယ်လာရုစ်သမ္မတနိုင်ငံတို့နှင့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုနှုတ်ဆက်

နေပြည်တော် မတ် ၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ်အဖြစ်လည်းကောင်း၊ ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Alexander Gregoryevich Lukashenko ၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးစဉ်အဖြစ်လည်းကောင်း သွားရောက်ခဲ့ပြီး ယနေ့ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်မြို့ သာမာချိုဗာလေဆိပ်မှ ပြန်လည်ထွက်ခွာကြရာ နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး မစ္စတာ တရာ့ဗနီကော့ဗ်အန်ဒရေ အလက်ဇန်ဒရိုဗစ်ချ်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

စာမျက်နှာ ၂၄ သို့ ☆

၂၀၂၅ ခုနှစ် ၊ မတ် ၁၀ ရက်၊ တနင်္လာနေ့။

# လုံ့လစိုက်ထုတ်သတိတရားဖြင့် နေထိုင်ရမည်

လောကတွင်ရှိသမျှ အရာအားလုံးတွင် "သတိ"သည် အရေးကြီးဆုံးဖြစ်သည်။ သတိကင်းမဲ့ပါက မည်သည့်အရာမှ ပြီးမြောက်အောင်မြင်နိုင်ခြင်းမရှိပါ။ ပစ္စုပ္ပန်အကျိုးစီးပွား ချမ်းသာမှုသာမက သံသရာအကျိုးစီးပွားဖြစ်သော နိဗ္ဗာန်ချမ်းသာတိုင်အောင် သတိသည် ပဲ့ကိုင်သူအဖြစ် အရေးကြီးမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာ့ဆိုရိုးစကားတွင် "သတိမမူ ဂူမမြင်"ဟူ၍ ဆိုရိုးရှိပြီး "သတိမူက မြူကိုမြင်"ဟူ၍ ဆိုထုံးပြုထားသည်။

လောကလူ့ဘဝတွင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး စသည့် ရည်မှန်းချက်ပန်းတိုင်များကို ရောက်ရှိစေရန်မှာ သတိမှာ အရေးကြီးမည်ဖြစ်သည်။ ဘဝတွင် အောင်မြင်လိုသူဖြစ်စေ၊ ပညာရှာလိုသူဖြစ်စေ၊ ဉစ္စာငွေကြေးရှာလိုသူဖြစ်စေ၊ တရားဓမ္မရှာလိုသူဖြစ်စေ အရာရာဆင်ခြင်သတိအမြဲရှိရမည်ဖြစ်သည်။ သတိရှိသူသည် အလွဲအမှားကင်းသည်။ လိုရာကိစ္စ၊ လိုရာခရီးကို အပြီးတိုင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့အပြင် စကားပေါင်းတို့၏ အချုပ်သည် ကတိ၊ တရားပေါင်းတို့၏ အချုပ်သည် သတိဟူ၍ ကြည့်ကန်ရှင်ကြီးကဆိုခဲ့ဖူးသည်။ လူတိုင်းအတွက် သာမန်ကိစ္စကိုမဆိုထားဘိ လောကုတ္တရာ၏ အကျိုးအတွက် အကြောင်းခံတရားများပင် သတိက ထိန်းချုပ်ပေးနိုင်သည်မှာ ထင်ရှားလှသည်။

သတိတရားဟူသည်ကား ပိုသည်ဟူ၍ ဘယ်သောအခါမှ မရှိပါ။ သတိတရားလျော့နည်း၍သာလျှင် အခက်အခဲဒုက္ခပြဿနာ၊ ဆုံးရှုံးမှု စသော ဆိုးကျိုးနှင့်ရင်ဆိုင် တွေ့ကြုံကြရမည်ဖြစ်သည်။ လူတိုင်းအတွက် သတိတရားကို လက်ကိုင်ထားနိုင်မှုအပြင် ဗြဟ္မစိုရ်တရားလေးပါးဖြစ်သည့် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော တရားလေးပါးကိုလည်း သတိထားရမည်ဖြစ်သည်။ မေတ္တာဟူသည် သတ္တဝါများ ခပ်သိမ်းသော လူများ၏ အကျိုးစီးပွားကိုလိုလားခြင်းဖြစ်သည်။ ကရုဏာသည် ခပ်သိမ်းသော လူတို့အား သတ္တဝါများအား သနားခြင်းဖြစ်သည်။ မုဒိတာဟူသည် ခပ်သိမ်းသော သတ္တဝါနှင့် လူသားတို့အား ကြီးပွားအောင်မြင်မှု ချမ်းသာမှုကို ဝမ်းမြောက်ခြင်းဖြစ်သည်။ ဥပေက္ခာဟူသည် ကံကံ၏အကျိုးအတိုင်းသာ ဖြစ်ရသည်ဟု နှလုံးသွင်းမှု၊ ချစ်ခြင်းမုန်းခြင်းနှစ်ပါးမှ လွတ်လပ်မှု၊ သူ့သဘောကို သူဆောင်သည်ဟူသောနှလုံးသွင်းမှုဖြစ်သည်။ ဤတရားများဖြင့် ပြည့်စုံသူသည် အမြင့်မြတ်ဆုံးသောလူသားအဖြစ် ဘဝမှတ်တမ်းတင်နိုင်မည်ဖြစ်သည်။ "ကုသိုလ်ကောင်းမှုတွေ အမျိုးမျိုးရှိတဲ့အထဲက တကယ်အကျိုးအများဆုံး အင်အားအကြီးဆုံး ကုသိုလ်ဟာ မမေ့မလျော့ သတိနဲ့နေတာ"ဟု ဆရာတော်ဦးဇောတိက က ရေးသားထားသည်။ သတိနှင့်မယှဉ်လျှင် မိမိတို့စိတ်သည် အထိန်းအကွပ်မရှိ ပျံ့လွင့်နေတတ်သည့်သဘောရှိသည်။

တန်ဖိုးရှိသောဘဝကို မိမိအတွက်၊ မိမိအသိုက်အဝန်းအတွက်၊ မိမိနိုင်ငံအတွက်ကောင်းအောင် လုံ့လစိုက်ထုတ် သတိတရားဖြင့်နေမှသာ မျှော်မှန်းသည့်အတိုင်း ဖြစ်လာနိုင်မည်ဖြစ်သည်။ အဓိကမှာ လုပ်ချင်ကိုင်ချင်သော ပြင်းပြသည့် စိတ်ဆန္ဒရှိဖို့လိုအပ်မည်ဖြစ်သည်။ သို့ဖြစ်ရာ လူတိုင်းလူတိုင်း ဖြတ်သန်းရမည့် လူ့လောကတွင် လုံ့လစိုက်ထုတ်သတိတရားဖြင့် နေထိုင်ရမည်ဖြစ်သည်။ တစ်ဖန် လူ့ဘဝတွင် ကျန်းမာပျော်ရွှင်သော လူဖြစ်ရန်အတွက် စားသောက်မှုတွင် သတိ၊ ဝတ်ဆင်မှုတွင် သတိ၊ နေထိုင်ပြောဆိုမှုတွင် သတိဟူ၍ သတိမလပ်နေထိုင်ဖို့အတွက် ဆင်ခြင်သတိအမြဲရှိ၊ မမေ့မလျော့ဖြင့် နေထိုင်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# သုဓမ္မဘူမိအသင်း ယဉ်ကျေးလိမ္မာသင်တန်း ဖွင့်လှစ်



**မန္တလေး မတ် ၉**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အမှတ်(၅) မြို့သစ်၊ (က)ရပ်ကွက်လုံးဆိုင်ရာ ရှေးဟောင်းသမိုင်းဝင် ဖောင်တော်ဦး ဖောင်တော်ပဲ့ဘုရားနှစ်ဆူ၊ မင်္ဂလာညွန့်ဓမ္မာရုံတွင် ယနေ့နံနက် ၁၀ နာရီက ဂေါပကအဖွဲ့က ဦးဆောင်၍ ဆရာမကြီး ဒေါ်သဲသဲသိန်း ဦးစီးတည်ထောင်သော သုဓမ္မ ဓမ္မာရုံ ဘူမိအသင်း ယဉ်ကျေးလိမ္မာသင်တန်းကို ဖွင့်လှစ်ခဲ့သည်။ **(အပေါ်ပုံ)**


သင်တန်းဖွင့်ပွဲသို့ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တတိက္ခိန္ဒြိယာဘိဝံသ၊ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တဝါသဝသီရိ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်၊ ချမ်းမြသာစည်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်များ အမှူးပြုသောသံဃာတော် (၁၁)ပါးကြွရောက်တော်မူကြပြီး မင်္ဂလာညွန့်ဓမ္မာရုံ ဂေါပကအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်ဥပဋ္ဌာကအဖွဲ့နာယက သမားတော်ကြီး ဦးသန်းထွန်းနှင့် ဂေါပကအဖွဲ့ဝင်များ၊ သုဓမ္မဘူမိအသင်းကြီးဦးစီးတည်ထောင်သော သင်တန်းမှူးဆရာမကြီး ဒေါ်သဲသဲသိန်းနှင့် သင်တန်းဆရာ၊ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ၎င်းတို့၏ အုပ်ထိန်းသူများ၊ အလှူရှင်များ ဝေယျာဝစ္စကုသိုလ်ရှင်များ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားရှိခိုး ဖွင့်လှစ်သည်။ ထို့နောက် ဆရာတော် ဘဒ္ဒန္တတိက္ခိန္ဒြိယာဘိဝံသထံမှ ဒေသ့ပရိသတ်များက သီလခံယူဆောက်တည်ကြပြီး တိုင်းအကျိုးတော်ဆောင်ဆရာတော်က ဩဝါဒကထာတရား ချီးမြှင့်တော်မူခဲ့သည်။

ဆက်လက်၍ ဂေါပကဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားခြင်း၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်က ဩဝါဒကထာချီးမြှင့်ခြင်း၊ ဆရာမကြီး ဒေါ်သဲသဲသိန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို လျှောက်ထားတင်ပြခြင်း၊ ဆရာတော်၊ သံဃာတော်များအား နဝကမ္မဝတ္ထုငွေနှင့် လှူဖွယ်များဆက်ကပ်ခြင်း၊ ယဉ်ကျေးလိမ္မာအသင်းကြီးသို့ ဂေါပကဥက္ကဋ္ဌနှင့်မိသားစုက အလှူငွေလှူဒါန်းခြင်း၊ ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆက်ကပ်ခြင်းများဆောင်ရွက်ကြပြီး လှူဒါန်းမှုအစုစုအတွက် နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးက အနုမောဒနာ ရေစက်ချတရားချီးမြှင့်တော်မူခဲ့ကြောင်း သိရသည်။

**ကျော်မင်းသော်**

၀-၀-၀-၀-၀



# (၁၄၁)ကြိမ်မြောက် သွေးလှူဒါန်း

**မန္တလေး မတ် ၉**

မြင်းခြံမြို့နယ်၊ ဒူလဘိုရွာဇာတိ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ သဇင်နွယ်လမ်း၊ စိတ္တသုခကျောင်း ဓာတ်တော်တိုက် ပဓာနနာယက သက်သတ်လွတ်ဆရာတော် ဘဒ္ဒန္တဝိစိတ္တာလင်္ကာရ(လူမှုထူးချွန်ပထမဆင့်)သည် အမှတ် (၂) တပ်မတော်ဆေးရုံ ခုတင် ၅၀၀ တွင် ဖေဖော်ဝါရီ ၁၉ ရက်က ဇီဝိတဒါနအဖြစ် (၁၄၁)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(ကဆ)**

# နွေနှမ်းများ မင်းရဲစိုက်ပျိုးရေးနည်းပညာပေးရှေ့တန်းစခန်းတွင် ၁၅၀၁ ဧက လျာထားစိုက်ပျိုး

**ကျောက်ဆည် မတ် ၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် စိုက်ပျိုးရေးနည်းပညာပေး ရှေ့တန်းများအလိုက် နွေနှမ်းများစိုက်ပျိုးလျက်ရှိပြီး မင်းရဲစိုက်ပျိုးရေးနည်းပညာပေးရှေ့တန်းစခန်းတွင် ၁၅၀၁ ဧက လျာထားပြီး နွေနှမ်းများစတင်စိုက်ပျိုးလျက်ရှိသည်။

ကျောက်ဆည်မြို့နယ်အနေဖြင့် နွေနှမ်းသီးနှံများစိုက်ပျိုးရာတွင် လျာထားချက်ပြည့်မီကျော်လွန်ရေး မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနဇော်ဂျီဆည်မှ မင်းရဲရေပေးမြောင်း၊ ငပြောင်ရေပေးမြောင်း၊ နွားတက်ရေပေးမြောင်း၊ တမုတ်ရေပေးမြောင်း၊ အထက်လင်းဇင်းရေပေးမြောင်းနှင့် ကင်းတားဆည်မှ သင်းဒီးရေပေးမြောင်း၊ စမာရေပေးမြောင်းစသည့် စိုက်ပျိုးရေပေးမြောင်းများမှ စိုက်ပျိုးရေများကို အလှည့်ကျစနစ်ဖြင့် ပေးဝေလျက်ရှိကြောင်းနှင့် မင်းရဲစိုက်ပျိုးရေးနည်းပညာပေးရှေ့တန်းစခန်းတွင် ကျေးရွာအုပ်စု (၁၂)အုပ်စုပါဝင်ပြီး တောင်နောက်ကျေးရွာအုပ်စုတွင် ဧက ၁၁၀၊ သင်တောင်းကျေးရွာအုပ်စုတွင် ဧက ၉၀၊ အင်တိုင်းကျေးရွာအုပ်စုတွင် ၁၂၉ ဧက၊ ကြက်မင်းတွန်ရပ်ကွက်အုပ်စုတွင် ၂၄ ဧက၊ ဖောင်ရွာရပ်ကွက်အုပ်စုတွင် စိုက်ပျိုးနိုင်ခြင်းမရှိကြောင်းနှင့် ပတ္တာကျေးရွာအုပ်စုတွင် ၁၇၉ ဧက၊ ပင်တလည်ကျေးရွာအုပ်စုတွင် ၂၈၁ ဧက၊ ပြည်ပန်းကျေးရွာအုပ်စုတွင် ဧက ၁၁၀၊ သမန္တလင်းကျေးရွာအုပ်စုတွင် ၂၃၄ ဧက၊ မြင်းကဘက်ကျေးရွာအုပ်စုတွင် ၁၀၂ ဧက၊ မုန့်ပေါင်းကျေးရွာအုပ်စုတွင် ၁၅၈ ဧက၊ လက်ပံဇင်ကျေးရွာအုပ်စုတွင် ၈၄ ဧက၊ စုစုပေါင်း ၁၅၀၁ ဧက လျာထားစိုက်ပျိုးလျက်ရှိသည်။

ကျောက်ဆည်မြို့နယ်၌ နွေနှမ်းသီးနှံများ စိုက်ပျိုးရာတွင် တောင်သူများလူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက တောင်သူများနှင့်ပူးပေါင်းပြီး နည်းပညာများ စနစ်တကျပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် တောင်သူများအနေဖြင့် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ဆင်းရတနာ(၄)နှမ်းအဖြူမျိုးများကို အဓိကထားစိုက်ပျိုး ကြကြောင်း၊ နှမ်းသီးနှံများ အောင်မြင်ဖြစ်ထွန်းစေရေးနှင့် မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီး ဌာနမှ စိုက်ပျိုးရေများ လုံလောက်စွာ အလှည့်ကျစနစ်ဖြင့် ပေးဝေလျက်ရှိကြောင်း သိရသည်။

(၄၈၅)

**(အောက်ပုံ)**

၀-၀-၀-၀-၀



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

☆ စာမျက်နှာ ၂၄ မှ

ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Alexander Gregoryevich Lukashenko နှင့် တွေ့ဆုံဆွေးနွေးခြင်း အပါအဝင် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ အစိုးရအဖွဲ့တာဝန်ရှိသူများနှင့် ကဏ္ဍအလိုက် တွေ့ဆုံဆွေးနွေးမှုများကိုဆောင်ရွက်ခြင်း၊ မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ်များသို့ တက်ရောက် အမှာစကားပြောကြားခြင်းများကို ဆောင်ရွက်ခဲ့ပြီး နှစ်နိုင်ငံအစိုးရ နှစ်ရပ်အကြား သဘောတူညီချက်များ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာ နားလည်မှု စာချွန်လွှာများကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

မြန်မာနိုင်ငံသို့ပြန်လည်ထွက်ခွာလာစဉ်အတွင်း ခရီးစဉ်တွင် လိုက်ပါခဲ့ကြသည့် မီဒီယာများ၏ မေးမြန်းမှုများကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အထူးလေယာဉ်ပေါ်တွင် ဖြေကြားခဲ့သည်။ **(ဖြေကြားမှု အပြည့်အစုံကို စာမျက်နှာ ၅ တွင် ဖော်ပြထားပါသည်။)**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် နေပြည်တော် တပ်မတော် လေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံး၊ စစ်သံရုံးမှ တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**ကြိုဆိုဂုဏ်ပြုနှုတ်ဆက်**

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာ့ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်မြို့၊ မော်စကိုမြို့၊ စိန့်ပီတာစဘတ်မြို့၊ ဆာမားရားမြို့နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့များသို့သွားရောက်ခဲ့ပြီး မိမိတို့မြန်မာနိုင်ငံနှင့် ရာသီဥတုအနေအထား ကွာဟချက်အရ အပူချိန်အနုတ် ၂ မှ အနုတ် ၁၂ ဒီဂရီစင်တီဂရိတ် (အေးခဲသော) အနေအထားအထိရှိသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတ နိုင်ငံတို့သို့ အသွားအပြန်မိုင်ပေါင်းတစ်သောင်းကျော်ခန့်အထိ သွားရောက်၍ နိုင်ငံတော်အကျိုး စီးပွားကို တစိုက်မတ်မတ်ဦးတည်ပြီး ခရီးစဉ်အတွင်း နေ့မအားညမနားဖြင့် နိုင်ငံများအကြား စိုက်ပျိုးရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍ၊ ပညာသင်ကြားမှု မြှင့်တင်ရေးဆိုင်ရာကိစ္စ၊ ခရီးသွားကဏ္ဍများတိုးမြှင့်ရေး ဆိုင်ရာကိစ္စများတွင် ပြည်သူအချင်းချင်း၊ လုပ်ငန်းရှင်များ အချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ ပေါ်ပေါက်လာစေရေးအတွက် ကြိုးပမ်းအားထုတ် ဆောင်ရွက်ခဲ့ကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုကြိုဆိုသောအားဖြင့် တိုင်းရင်းသား တိုင်းရင်းသူ၊ သားငယ် သမီးငယ်လေးများ၊ ဘင်ခရာ၊ ပန်းဖွားအကအဖွဲ့များ၊ ရိုးရာအကအဖွဲ့များ၊ အနုပညာရှင်များ၊ ဒေသခံပြည်သူများက လေဆိပ်တွင် အသင့်စောင့်ကြို၍ လေယာဉ်အဆင်းမှ VIP ဆောင်အထိ လည်းကောင်း၊ တပ်မတော်လေဆိပ်မှ အဝိုင်းပတ်နေရာအထိလည်းကောင်း **"ရုရှား-မြန်မာနှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု အခွန့်ရှည်ပါစေ၊ ရုရှား-မြန်မာနှစ်နိုင်ငံအကြား ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး ကဏ္ဍအလိုက်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး မစ္စတာ တရာ့ဗနီ ကော့ဗ်အန်ဒရေ အလက်ဇန်ဒရို ဘစ်ချ်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများက ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်မြို့ သာမာချဲဗာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

**တိုးမြှင့် ဆောင်ရွက်နိုင်ပါစေ၊ ရုရှား-မြန်မာ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်အောင် ဆောင်ရွက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား လှိုက်လှဲစွာ ကြိုဆိုပါသည်၊ ရုရှား - မြန်မာ ချစ်ကြည်စွာ တွဲလက်မြဲပါစေ၊ မြန်မာ-ရုရှား ပူးပေါင်းအား မုချအောင်မြင်ပါစေ၊ ဘယ်လာရုစ်-မြန်မာချစ်ကြည်ရေး အခွန့်ရှည်တည်တံ့ပါစေ၊ မြန်မာနိုင်ငံ ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်ခဲ့သော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အားလှိုက်လှဲစွာ ကြိုဆိုပါ၏။**

စာမျက်နှာ ၄ သို့ ☆




နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ စီးနင်းလိုက်ပါလာသည့် အထူးလေယာဉ်အား ရာသီဥတုကြောင့် နှင်းများ ဖုံးလွှမ်းနေသည့် အတွက် လေဆိပ်မှမထွက်ခွာမီ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်တပ်မတော်လေဆိပ်နှင့် လမ်းဘေးဝဲ/ယာတစ်လျှောက်တွင် ပြည်သူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံအလံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံအလံငယ်များကို အသီးသီးကိုင်ဆောင်၍ အလံများဝှေ့ယမ်းကာ သောင်းသောင်းဖြဖြကြိုဆိုဂုဏ်ပြု နှုတ်ဆက်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည် ဖြေကြားချက်

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ် သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr.Alexander Gregoryevich Lukashenko ဖိတ်ကြားချက်အရ ကျွန်တော် တရားဝင်ချစ်ကြည်ရေးခရီးသွားတာပါ။ သူတို့က တရားဝင်ဖိတ်တဲ့အတွက်ကြောင့် ကျွန်တော် တရားဝင် ချစ်ကြည်ရေးခရီးသွားနိုင်တာကတော့ နိုင်ငံအတွက် အင်မတန်ကောင်းတဲ့ဟာ တစ်ခုဖြစ်ပါတယ်။ နောက်တစ်ခုက သွားတဲ့ခရီးစဉ် နှစ်နိုင်ငံလုံးမှာပဲ ကျွန်တော်တို့ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နယ်ပယ်တွေ ကျယ်ပြန့်စွာ ဆွေးနွေးဆောင်ရွက်နိုင်ခဲ့တယ်။ အထူးသဖြင့် စီးပွားရေးနဲ့ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်တဲ့ ကိစ္စရပ်တွေပေါ့။ နောက် နှစ်နိုင်ငံအပြန်အလှန် ကူးလူးသွားလာရေးအတွက် တိုးချဲ့ဖို့ဆိုတာ အထူးသဖြင့်တော့ ခရီးသွားကဏ္ဍတွေတိုးချဲ့ ဆောင်ရွက်ရေးပေါ့ဗျာ။ နောက်တစ်ခုက ပညာရေး၊ နောက်သိပ္ပံနဲ့နည်းပညာ၊ ကျန်းမာရေး၊ အားကစား၊ယဉ်ကျေးမှု၊ဥပဒေ၊ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်တွေ၊ ဒါတွေ နယ်ပယ်တွေ ကျယ်ကျယ်ပြန့်ပြန့် ကျွန်တော်တို့ ဆွေးနွေးနိုင်ခဲ့တဲ့အပြင် မြန်မာနိုင်ငံရဲ့ နိုင်ငံရေးဖြစ်ပျက်ပြောင်းလဲမှု အခြေအနေတွေ ရှင်းပြတာကို သူတို့နှစ်နိုင်ငံလုံးက ဒါကို အားလုံးလက်ခံပါတယ်။ နောက် ကျွန်တော် ရွေးကောက်ပွဲ လုပ်မယ့်အခြေအနေလည်း ကျွန်တော်ရှင်းပြတယ်။ ရှင်းပြတော့ သူတို့ ဒါကိုလည်း အားပေးထောက်ခံတဲ့အတွက်ကြောင့် သူတို့ဆီက ကိုယ်စားလှယ်လွှတ်ပြီးတော့ လာပြီးတော့ ရွေးကောက်ပွဲမှာ အကဲလာပြီးကြည့်ပေးမယ့်အကြောင်းလည်း သူတို့ပြောတာရှိတယ်။ ပိုကောင်းတာကတော့ နှစ်ဦးနှစ်ဖက် ဒီတွေ့ဆုံခြင်းအားဖြင့် ယုံကြည်မှုတွေ အများကြီးရခဲ့တယ်ဗျ။ ရုရှားနိုင်ငံရော ဘယ်လာရုစ်နိုင်ငံရော သူတို့နိုင်ငံမှာရှိတဲ့ ပြည်သူတွေကရော မြန်မာနိုင်ငံအပေါ်မှာ စိတ်ဝင်တစားနဲ့ တော်တော်ဖြစ်လာတာကို ကျွန်တော်တွေ့တယ်ဗျ။ ဒါဟာကျွန်တော်တို့အတွက် (နောက် အနာဂတ်နိုင်ငံအတွက်) (နောင်နိုင်ငံတော်အနာဂတ်အတွက်လည်း) ကောင်းတဲ့ လက္ခဏာတစ်ခုပေါ့ဗျာ။ နောက်တစ်ခုကလည်း ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ လုပ်မယ်လို့ ကျွန်တော်ပြောခဲ့တာရှိတယ်။ ဒါကို ကျွန်တော်တို့ ခိုင်ခိုင်မာမာလုပ်မှာပါ။ ပါတီစုံ ဒီမိုကရေစီစနစ်ကို တကယ်လိုချင်လို့ရှိရင် **ကဏ္ဍကောစ**လုပ်မနေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ပဲ




လိုပါတယ်။ အဲ့ဒါလုပ်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ နိုင်ငံ မုချအောင်မြင်ရမယ်ဗျ။ မုချအောင်မြင်ရမယ် ကျွန်တော်ဒါကိုပြောရဲပါတယ်။ ပြည်သူတွေကို ကျွန်တော်ဒါလေးတော့ ကျွန်တော့်ဘက်က သဘောထားပေါ့ဗျာ။ ကျွန်တော် ဒါကိုပြောပါရစေ။ အားလုံး အစစအရာရာ အောင်မြင်မယ်လို့လည်း ကျွန်တော် ယုံကြည်ပါတယ်ဗျာ။ ပြည်သူအများလည်း အားလုံး ကျန်းမာချမ်းသာကြပါစေ။ နောက်အစစအရာရာ တိုးတက်အောင် လုပ်နိုင်ကြပါစေလို့လည်း ကျွန်တော် ဆုမွန်ကောင်းတောင်းပါတယ်။ ပါတီစုံ ဒီမိုကရေစီကို ယုံကြည်တယ်ဆိုလို့ရှိရင် အားလုံး ပူးပေါင်းဆောင်ရွက်ပေးကြပါလို့လည်း ကျွန်တော် ပြောလိုပါတယ်ဗျာ။ ကောင်းပါတယ်ဗျာ၊ ကျေးဇူး အများကြီးတင်ပါတယ်။

---

✰ စာမျက်နှာ ၃ မှ

**ရုရှား-မြန်မာ ချစ်ကြည်ရေးကို ခိုင်မြဲစေသော နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား လှိုက်လှဲစွာ ကြိုဆိုပါ၏**" ဟူသောစာတန်းများ ပါရှိသည့် ဗီုနိုင်းများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံအလံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ အလံငယ်များကို အသီးသီး ကိုင်ဆောင်၍ အလံများ ဝှေ့ယမ်းကာ **အမျိုး၊ ဘာသာ၊ သာသနာအတွက် ကြိုးပမ်းဆောင်ရွက်နေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျန်းမာပါစေ၊ ရုရှား - မြန်မာချစ်ကြည်ရေး၊ ဘယ်လာရုစ်-မြန်မာ ချစ်ကြည်ရေး အစွန့်ရှည်တည်တံ့ပါစေ၊ ခိုင်မြဲပါစေ**ဟု ကြွေးကြော်လျက် သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုနှုတ်ဆက်ခဲ့ကြသည်။

ထိုသို့ ပြန်လည်ရောက်ရှိစဉ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်းကလည်း မီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့သည်။ **(ဖြေကြားမှုအပြည့်အစုံကို အောက်တွင် ဖော်ပြထားပါသည်။)**

သတင်းစဉ်

---

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ မီဒီယာများအား ဖြေကြားချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ ရုရှားနိုင်ငံနဲ့ ဘယ်လာရုစ်နိုင်ငံက နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးဖိတ်ခေါ်ချက်အရ ရုရှားနိုင်ငံနဲ့ ဘယ်လာရုစ်နိုင်ငံကို ဒီလ ၃ရက်နေ့ကနေ ဒီနေ့ ၉ ရက်နေ့အထိ တစ်ပတ်ကြာ ခရီးသွားခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ သတင်းတွေကို အချိန်နဲ့တစ်ပြေးညီ ထုတ်လွှင့်ခဲ့တဲ့အတွက် မီဒီယာအားလုံးလည်း ဘာတွေဆောင်ရွက်ခဲ့တယ်။ ဘာတွေလုပ်ဆောင်ခဲ့တယ်ဆိုတာ သိပြီးသားဖြစ်မှာဖြစ်ပါတယ်။ ဒါတွေကို ကျွန်တော်အကျယ်ချဲ့မပြောချင်တော့ဘူး။ အဓိကကတော့ နိုင်ငံ့အတွက် ဘာအကျိုးအမြတ်ရှိခဲ့လဲဆိုတာ ကျွန်တော်ပြောချင်ပါတယ်။ ဘာတွေရှိခဲ့လဲဆိုတော့ နံပါတ်တစ်က နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုတဲ့ ကဏ္ဍသုံးရပ်အနေနဲ့ ကျွန်တော်ခွဲပြောမှာဖြစ်ပါတယ်။ နိုင်ငံရေးနဲ့ ပတ်သက်ပြီး ကျွန်တော်တို့အနေနဲ့ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေး နိုင်ငံရေးနဲ့ပတ်သက်ပြီး အာမခံချက်ရခဲ့တာက ရုရှားနိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံတွေက ယခင်ကတည်းက နိုင်ငံတကာမျက်နှာစာမှာ မြန်မာနိုင်ငံဘက်က ရပ်တည်ခဲ့တာဖြစ်တယ်။ အခုလည်း ဆက်လက်ရပ်တည်သွားမယ်ဆိုတဲ့ ခိုင်ခိုင်မာမာ အာမခံချက်ရရှိခဲ့တယ်။ နံပါတ်နှစ်အချက်က ကျွန်တော်မြန်မာနိုင်ငံမှာ အားလုံးသိတဲ့အတိုင်းပဲ ရွေးကောက်ပွဲ နဲ့ပတ်သက်ပြီးတော့ အစောဆုံးသည် ဒီဇင်ဘာလနောက်ဆုံးပတ်၊ နောက်အကျဆုံးသည် ဇန်နဝါရီလ ဒုတိယပတ်လောက်မှာဖြစ်မယ်။ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီးတော့ ရုရှားနိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံတွေအပြင် ကျန်တဲ့နိုင်ငံတကာတွေက ထောက်ခံပေးပါတယ်။ ရုရှားနိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံတွေက ထဲထဲဝင်ဝင် ဝင်ရောက်ထောက်ခံပေးတဲ့အပြင် လေ့လာစောင့်ကြည့်ရေးအဖွဲ့တွေလည်း လွှတ်ပေးမယ်ဆိုတဲ့ ခံယူချက်မျိုး



ရရှိခဲ့တယ်။ ပြည်သူတွေအနေနဲ့ ဝမ်းသာစရာက ကျွန်တော်တို့သည် ပြည်သူတွေလိုလားတောင်းတခဲ့တဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို မလွဲမသွေ ပြန်သွားမယ်။ မလွဲမသွေ ဆောင်ရွက်ပေးမယ်။ ဒါသည် အောင်မြင်ခဲ့တဲ့နိုင်ငံရေးနဲ့ ပတ်သက်တာဖြစ်ပါတယ်။ စီးပွားရေးကဏ္ဍနဲ့ပတ်သက်ရင် ရုရှားနိုင်ငံနဲ့ ဘယ်လာရုစ်နိုင်ငံတို့သည် ကျွန်တော်တို့နိုင်ငံထက် နည်းပညာမြင့်မားတာတွေရှိတယ်။ ကျွန်တော်တို့ ခင်ဗျားတို့ သိတဲ့အတိုင်း ကျွန်တော်တို့နိုင်ငံသည် စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံတဲ့စက်မှုစီးပွားကိုသွားမယ့် နိုင်ငံလို့ သတ်မှတ်ထားတယ်။ ဒီလိုမျိုး လုပ်နိုင်ဖို့ ကျွန်တော်တို့မှာ အခွင့်အလမ်းကောင်းတွေရှိတယ်။ ရုရှားလိုနိုင်ငံမျိုးနဲ့မပြောသေးဘူး။ မြန်မာရဲ့ အကျယ်အဝန်းထက် ဘယ်လာရုစ်နိုင်ငံသည် သုံးပုံတစ်ပုံလောက်ပဲကျယ်ဝန်းတယ်။ ကုန်းတွင်းပိတ်နိုင်ငံဖြစ်တယ်။ ဒါ့အပြင် ဘယ်လာရုစ်နိုင်ငံသည် လူဦးရေအများဆုံး ၉ ဒသမ ၁ သန်းပဲရှိတယ်။ သို့သော် သူရဲ့စိုက်ပျိုးရေးကဏ္ဍတစ်ခုထဲကနေ ရရှိတဲ့ GDP က ၉ ဘီလီယံနီးပါးထိ ရရှိတယ်။ အဲဒီမှာကြည့်လိုက်တော့ သူသည်လယ်ယာစိုက်ပျိုးမှုဧရိယာက မြန်မာနိုင်ငံထက်နည်းတယ်။ ဒါ့အပြင် ကန့်သတ်ချက်တွေလည်းရှိပါတယ်။ အခုချိန်မှာ ဘယ်လာရုစ်နိုင်ငံရဲ့ ရာသီဥတုက ညပိုင်းမှာဆိုရင် အနှုတ်(-၂)ဒီဂရီစင်တီဂရိတ်မှ (-၁၂)ဒီဂရီစင်တီဂရိတ် လောက်ရှိတယ်။ တချို့နေရာတွေမှာလည်း အမြဲတမ်း အေးနေတယ်။ စိုက်ပျိုးဖို့အတွက် မြေကန့်သတ်ချက်၊ ရာသီဥတု ကန့်သတ်ချက်တွေရှိတယ်။ ဒီလိုမျိုး နိုင်ငံတောင်ဖြစ်ထွန်းရင် ကျွန်တော်တို့လို ရေ၊ မြေ၊ ရာသီဥတုကောင်းမွန်တဲ့နိုင်ငံက မဖြစ်ထွန်းစရာ အကြောင်းမရှိပါဘူး။ လိုအပ်နေတာက ခေတ်မီတဲ့ စိုက်ပျိုးမွေးမြူရေး စနစ်ဖြစ်တယ်။ ဒါတွေနဲ့ ပတ်သက်ပြီး ကျွန်တော်တို့သဘောတူစာချုပ်တွေ ချုပ်ဆိုခဲ့တာရှိတယ်။ ခေတ်မီတဲ့စိုက်ပျိုးမွေးမြူရေး စနစ်က လိုအပ်ချက်တွေ အများကြီးရှိပါတယ်။ ကျွန်တော်တို့ တောင်သူလယ်သမားတွေရဲ့ လိုအပ်နေတဲ့ ဓာတ်မြေဩဇာလိုအပ်ချက်တွေ၊ ဒီဓာတ်မြေဩဇာ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်အောင် ဆောင်ရွက်လျက်ရှိတယ်။ စာချုပ်တွေ ချုပ်ဆိုခဲ့တာရှိတယ်။ ဒါ့အပြင် ဓာတ်မြေဩဇာနဲ့ ပတ်သက်ပြီး လိုအပ်ချက်ဆိုရင် မြန်မာနိုင်ငံမှာ စက်ရုံတည်ဖို့ ဖိတ်ခေါ်ခဲ့တာရှိတယ်။ ဒါ့အပြင် တရုတ်နိုင်ငံနဲ့လည်း ဓာတ်မြေဩဇာစက်ရုံတည်နိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံမှာ အဓိကအရေးပါတဲ့ စီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းကြီး သုံးခုရှိတယ်။ ကျောက်ဖြူ၊ သီလဝါ၊ ထားဝယ် ဆိုတဲ့ ရေနက်ဆိပ်ကမ်းတို့ ဖြစ်တယ်။ ထားဝယ်ရေနက်ဆိပ်ကမ်းသည် ရပ်ဆိုင်းနေတာကြာပြီ။ ဒီထားဝယ်ရေနက်ဆိပ်ကမ်းကိုလည်း ရုရှားနိုင်ငံနဲ့ ဆောင်ရွက်နိုင်ဖို့ MoU လက်မှတ်ရေးထိုးဆောင်ရွက်နိုင်ခဲ့တယ်။ သို့သော် ရုရှားနိုင်ငံနဲ့အဓိကထားဆောင်ရွက်သော်လည်း ဘယ်နိုင်ငံမဆိုလည်း ဒီနေရာမှာ ပါဝင်လို့ရပါတယ်။ လုပ်ဆောင်နိုင်ဖို့ဖိတ်ခေါ်တယ်လို့ကျွန်တော်တို့အနေနဲ့ ပြောချင်ပါတယ်။ နောက်တစ်ခုက လူမှုရေးဖြစ်တယ်။ လူမှုရေးကဏ္ဍ ပညာရေး၊ ကျန်းမာရေးမှာ သူတို့နိုင်ငံက မြင့်မားကြတယ်။ ပညာရေး၊ ကျန်းမာရေးကဏ္ဍမှာ တိုးတက်အောင် ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီခရီးစဉ် တစ်ခုလုံးကို အနှစ်ချုပ်ပြီးပြောရရင် ကျွန်တော် မြန်မာနိုင်ငံရဲ့ ပြည်သူတွေမျှော်မှန်းနေတဲ့ ကျွန်တော်တို့ လျှောက်လှမ်းမယ့် ပါတီစုံဒီမိုကရေစီစနစ်ကို ပြန်သွားနိုင်ဖို့၊ ပြန်လုပ်နိုင်ဖို့၊ ပြန်ဆောင်ရွက်နိုင်ဖို့၊ ပြန်ပြီးအောင်မြင်နိုင်ဖို့ တိုင်းပြည်တစ်ပြည်လုံး ပိုပြီးဖွံ့ဖြိုးတိုးတက်လာနိုင်ဖို့အတွက် ဒါအလားအလာကောင်းတွေကို ဆောင်ကြဉ်းနိုင်ခဲ့တဲ့ခရီးစဉ်ဖြစ်တယ်လို့ ပြောချင်ပါတယ်။

လှဲ့ရည်လှိုင်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံဆွေးနွေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး မစ္စတာတရာ့ဗနီကော့ဗ်အန်ဒရေ အလက်ဇန်ဒရိုဗစ်ချ်တို့ Grand Autograph ဟိုတယ်ရှိ အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးစဉ်။

နေပြည်တော် မတ် ၉

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်မြို့၌ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး မစ္စတာ တရာ့ဗနီကော့ဗ်အန်ဒရေ အလက်ဇန်ဒရိုဗစ်ချ်နှင့် ယနေ့ ဒေသစံတော်ချိန် နံနက်ပိုင်းတွင် နိုဗိုစီဗစ်မြို့ Grand Autograph ဟိုတယ်ရှိ အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စုဝန်ကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာရုရှားနိုင်ငံ သံအမတ်ကြီးနှင့် နိုဗိုစီဗစ်ဒေသ အစိုးရအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။


ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် နိုဗိုစီဗစ်ဒေသတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှု၊ နှစ်နိုင်ငံခရီးသွားလုပ်ငန်းများ၊ ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ နှစ်ဖက်ပူးပေါင်း ဆောင်ရွက်မှုများ ဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်လာနိုင်မှု၊ မြန်မာနိုင်ငံမှ ပညာတော်သင် သင်တန်းသားအရာရှိများ နိုဗိုစီဗစ်မြို့ရှိတက္ကသိုလ်များ၌ တက်ရောက်ပညာသင်ကြားလျက်ရှိမှု၊ မြန်မာနိုင်ငံ မန္တလေးမြို့တို့ကို တိုက်ရိုက်လေကြောင်းပြေးဆွဲလျက်ရှိမှု၊ ထုတ်ကုန်များ အပြန်အလှန်တင်ပို့နိုင်မှု၊ မြန်မာနိုင်ငံနှင့် နိုဗိုစီဗစ်မြို့တို့အကြား ထိတွေ့ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ မန္တလေးမြို့နှင့် နိုဗိုစီဗစ်မြို့တို့အား Sister City များအဖြစ်ဆောင်ရွက်မည်ဆိုပါက ကျန်းမာရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ စက်မှုကဏ္ဍ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်မှု အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူးတို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး မစ္စတာတရာ့ဗနီကော့ဗ်အန်ဒရေ အလက်ဇန်ဒရိုဗစ်ချ်တို့ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး မစ္စတာတရာ့ဗနီကော့ဗ်အန်ဒရေ အလက်ဇန်ဒရိုဗစ်ချ်တို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုဗိုစီဗစ်မြို့ ကောင်စစ်ဝန်ချုပ်ရုံးဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ဖွင့်လှစ် ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့် သင်တန်းသားအရာရှိများအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် မတ် ၉

ရုရှားဖက်ဒရေးရှင်း နိုင်ငံ နိုဗိုစီဗစ်မြို့ ကောင်စစ်ဝန်ချုပ်ရုံး ဖွင့်ပွဲ အခမ်းအနားကို ယနေ့ဒေသ စံတော်ချိန် နံနက်ပိုင်းတွင် Grand Autograph ဟိုတယ်၌ ကျင်းပပြုလုပ်ရာ ရုရှားနိုင်ငံ၌ တရားဝင် ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် ဖွင့်လှစ်ပေးသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ကောင်စီတွဲဖက် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးသန်းဆွေ၊ ဗိုလ်ချုပ်ကြီး မိုးအောင်၊ ဒေါက်တာ ကံဇော်၊ ဦးကိုကိုလွင်၊ ဒေါက်တာ မျိုးသိန်းကျော်၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး မစ္စတာ တရာ့ဗနီကော့ဗ်အန်ဒရေ အလက်ဇန်ဒရိုဗစ်ချ်တို့ ကောင်စစ်ဝန်ချုပ်ရုံးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။





ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ နိုဗိုစီဗစ်မြို့ ကောင်စစ်ဝန်ချုပ်ရုံးဖွင့်ပွဲအခမ်းအနားတွင် အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ ဒုတိယဝန်ကြီးများ၊ နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး မစ္စတာ တရာ့ဗနီကော့ဗ် အန်ဒရေ အလက်ဇန်ဒရိုဗစ်ချ်၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံ သံအမတ်ကြီး၊ နိုဗိုစီဗစ်မြို့အစိုးရ အဖွဲ့ဝင်များ၊ မြန်မာကောင်စစ်ဝန်ချုပ်နှင့် ကောင်စစ်ဝန်ချုပ်ရုံးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမှ နိုဗိုစီဗစ်မြို့တွင် သွားရောက်

စာမျက်နှာ ၇ သို့ ✻



နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး မစ္စတာ တရာ့ဗနီကော့ဗ် အန်ဒရေ အလက်ဇန်ဒရိုဗစ်ချ် နိုဗိုစီဗစ်မြို့ ကောင်စစ်ဝန်ချုပ်ရုံး ဖွင့်ပွဲအခမ်းအနားတွင် နှုတ်ခွန်း ဆက်စကားပြောကြားစဉ်။



နိုဗိုစီဗစ်မြို့တော်ဝန် မစ္စတာ မက်စ်စင်းမ် ဂီရာဂီရာ ယဗစ်ချ် ကူဒရာ့ဆက်ဗ် နိုဗိုစီဗစ်မြို့ ကောင်စစ်ဝန်ချုပ်ရုံး ဖွင့်ပွဲ အခမ်းအနားတွင် နှုတ်ခွန်းဆက် စကားပြောကြားစဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးဦးသန်းဆွေက မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်စဉ်။



နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး မစ္စတာ တရာ့ ဗနီကော့ဗ်အန်ဒရေ အလက်ဇန်ဒရိုဘစ်ချ်အား ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးဦးသန်းဆွေက မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်စဉ်။

✻ စာမျက်နှာ ၆ မှ

ပညာသင်ကြားလျက် ရှိသည့် သင်တန်းသား အရာရှိများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော်သီချင်းတို့အား ဖွင့်လှစ်၍ အလေးပြုကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် မြန်မာ-ရုရှား နှစ်နိုင်ငံသည် သံတမန်ဆက်ဆံရေး (၇၇) နှစ်ကြာရှိခဲ့ပြီဖြစ်ပြီး ယခုကဲ့သို့ နိုဗိုစီဗစ်မြို့တွင် မြန်မာကောင်စစ်ဝန်ချုပ်ရုံးကို ဖွင့်လှစ်နိုင်ခဲ့ခြင်းသည် နှစ်နိုင်ငံဆက်ဆံရေး၏ သမိုင်းမှတ်တိုင်တစ်ခုပင် ဖြစ်ကြောင်း၊ ရုရှားနိုင်ငံ၏ အာရှတိုက်ဘက်အခြမ်းတွင် ရှိသည့် အဓိကစီးပွားရေး၊ ကုန်သွယ်ရေး၊ သိပ္ပံနည်းပညာ၊ စက်မှုနှင့် ငွေကြေးဆိုင်ရာဗဟိုချက်ဖြစ်သည့် နိုဗိုစီဗစ်မြို့သည် မြန်မာနိုင်ငံနှင့်တိုက်ရိုက်လေကြောင်း ပြေးဆွဲလျက်ရှိသည့် ရုရှားနိုင်ငံမှ တစ်ခုတည်းသော မြို့တစ်မြို့ဖြစ်ကြောင်း၊ နိုဗိုစီဗစ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးအား နိုဗိုစီဗစ်ဒေသတွင် နေထိုင်ကြသည့် ရုရှားနိုင်ငံသားများအတွက် မြန်မာနိုင်ငံနှင့်ချိတ်ဆက်ပေါင်းကူးရန်၊ နှစ်နိုင်ငံအကြားနားလည်မှု မြှင့်တင်ရန်၊ နိုဗိုစီဗစ်ဒေသဝန်းကျင်ရှိ မြန်မာအသိုင်းအဝိုင်းကို ကူညီစောင့်ရှောက်ပြီး ကောင်စစ်ဆိုင်ရာဝန်ဆောင်မှုများ ပေးအပ်နိုင်ရန် ဖွင့်လှစ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူးက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် နိုဗိုစီဗစ်မြို့၌ စာမျက်နှာ ၈ သို့ ✻



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့် နိုဗိုစီဗစ်မြို့တွင် သင်တန်းတက်ရောက်လျက်ရှိသည့် သင်တန်းသားအရာရှိများအား တွေ့ဆုံစဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကောင်စစ်ဝန်ချုပ်ရုံးအတွင်း လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကောင်စစ်ဝန်ချုပ်ရုံး မိသားစုများနှင့် သင်တန်းသားအရာရှိများအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

✻ စာမျက်နှာ ၇ မှ

မြန်မာ ကောင်စစ်ဝန်ချုပ်ရုံး ဖွင့်လှစ်နိုင်ခြင်းအတွက် လွန်စွာဝမ်းမြောက်ပါကြောင်း၊ ယခုကဲ့သို့ ဖွင့်လှစ်နိုင်ခြင်းကြောင့် မိမိတို့မြို့နှင့် မြန်မာနိုင်ငံတို့အကြား ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ အခွင့်အလမ်းကောင်းများ ဖြစ်ထွန်းလာနိုင်မည် ဖြစ်ကြောင်း၊ မန္တလေးနှင့် နိုဗိုစီဗစ်မြို့အကြား ညီအစ်မမြို့အဖြစ် ထူထောင်မှုနားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးနိုင်ခဲ့မှုသည်လည်း ပူးပေါင်းဆောင်ရွက်မှု တိုးတက်မှု၏ ပြယုဂ်တစ်ခုပင်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်အတွက်လည်း ဆောင်ရွက်သွားမည်ဖြစ်ပြီး မိမိတို့နှစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်၍ ကြွယ်ဝချမ်းသာမှုများရရှိစေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။ ဆက်လက်၍ နိုဗိုစီဗစ်မြို့တော်ဝန် မစ္စတာ မက်စ်စင်းမ်ဂီရာဂီရာယဗစ်ချ် ကူဒရာ့ဆက်ဗ်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး မစ္စတာ တရာ့ဗနီကော့ဗ်အန်ဒရေအလက်ဇန်ဒရိဗစ်ချ် တို့က ကောင်စစ်ဝန်ချုပ်ရုံးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုဗိုစီဗစ်ဒေသ အကြီးအကဲတို့အား ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်များကို ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာ-ရုရှားနှစ်နိုင်ငံမှ အခမ်းအနားတက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် နိုဗိုစီဗစ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးသို့ရောက်ရှိရာ ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကောင်စစ်ဝန်ချုပ်ရုံးဆိုင်းဘုတ်အား အမွှေးနံ့သာများ ပက်ဖျန်းပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့် နိုဗိုစီဗစ်မြို့တွင် သင်တန်းတက်ရောက် လျက်ရှိသည့် သင်တန်းသား အရာရှိများအား တွေ့ဆုံ၍ မြန်မာနိုင်ငံနှင့် နိုဗိုစီဗစ်မြို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်မှု၊ ကုန်သွယ်မှုများတိုးတက်စေရေး ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြစေလိုမှု၊ နိုဗိုစီဗစ်မြို့ရှိ တက္ကသိုလ်များ၌ ပညာတော်သင်များ ပညာသင်ကြားနိုင်ရေးအတွက်ထပ်မံစေလွှတ်ပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိမှုများနှင့် ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်း မိသားစုများနှင့် သင်တန်းသား အရာရှိများ၏ လိုအပ်ချက်များကို မေးမြန်းပြီး ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကောင်စစ်ဝန်ချုပ်ရုံး မိသားစုများနှင့် သင်တန်းသားအရာရှိများအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကောင်စစ်ဝန်ချုပ်ရုံး ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး ကောင်စစ်ဝန်ချုပ်ရုံး မိသားစုများနှင့် သင်တန်းသား အရာရှိများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား လာရောက်ကြိုဆိုသူများ၏ ပီတိစကားသံများ

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများပါဝင်သော အဖွဲ့သည် မတ် ၃ ရက်မှ စတင်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ လူကာရှန်းကော့၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် (Official State Visit)ချစ်ကြည်ရေးခရီးများ သွားရောက်ခဲ့သည်။

အဆိုပါ ချစ်ကြည်ရေးခရီးစဉ်များအတွင်း နှစ်နိုင်ငံအစိုးရနှင့်ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေး၊ လုံခြုံရေးဆိုင်ရာများနှင့် ကဏ္ဍပေါင်းစုံတွင် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာအောင် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့ပြီး ယနေ့ညနေပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော် တပ်မတော်လေဆိပ်သို့ ပြန်လည်ရောက်ရှိလာကြရာ ဘာသာပေါင်းစုံအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ အနုပညာရှင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြု နှုတ်ဆက်ခဲ့ကြရာ ၎င်းတို့နှင့် တွေ့ဆုံ၍ ချစ်ကြည်ရေးခရီးစဉ်များအတွင်း မြန်မာနိုင်ငံ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုအပေါ် ဝမ်းသာပီတိစကားသံများကို ရေးသားဝေမျှလိုက်ရပါသည်-



ဦးဇော်ဇော်နိုင်



ဒိန်းဒေါင်



ဦးတိမ်ညွန့်



နောင်တော်လေး



ဒေါ်အေးအေးမိုး



စောလားကပေါ်

**ဦးဇော်ဇော်နိုင်**

**(ဥက္ကဋ္ဌ၊ မြန်မာ-အိန္ဒိယ ချစ်ကြည်ရေး နှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်း)**

ဒီနေ့ကတော့ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ ရုရှားနိုင်ငံမှာ မြန်မာနိုင်ငံရဲ့ ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်ဖို့အတွက် စာချုပ်များစွာချုပ်ဆိုပြီး ပြန်လာတဲ့နေ့တစ်နေ့ ဖြစ်ပါတယ်။ ဒီစာချုပ်တွေကနေ မြန်မာနိုင်ငံမှာရှိတဲ့ လူငယ်တွေ အလုပ်အကိုင်အခွင့်အလမ်းများစွာ ရရှိကြပါလိမ့်မယ်။ ရုရှားနိုင်ငံနဲ့ ဘယ်လာရုစ်နိုင်ငံတွေဟာ ကမ္ဘာမှာ နည်းပညာမြင့်တဲ့နိုင်ငံတွေဖြစ်ပါတယ်။ ဒီလိုနိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကတစ်ဆင့် ကျွန်တော်တို့နိုင်ငံအတွက် စီးပွားရေးတိုးတက်အောင် ဆောင်ရွက်ခဲ့တယ်လို့ ကြားသိရပါတယ်။ ကျွန်တော်တို့အနေနဲ့ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ ဆောင်ရွက်မှုတွေကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်မြို့ကနေ လာရောက်ကြိုဆိုခြင်းဖြစ်ပါတယ်။ ဒီလို ကြိုဆိုခွင့်ရတဲ့အတွက်လည်း ဂုဏ်ယူမိပါတယ်။

**ဒိန်းဒေါင် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံး-ဗဟို)**

နိုင်ငံတော်ဝန်ကြီးချုပ်ကြီး နိုင်ငံခြားခရီးစဉ်သွားတဲ့သတင်းကို အမြဲကြည့်ဖြစ်ပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်ကြီးရဲ့ လုပ်ဆောင်ချက်တွေအားလုံးကို ကျွန်တော် သိထားတဲ့ အသိအမြင်လေးနဲ့ ပြောရမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံဟာ မကြာခင်အလွန်တရာဖွံ့ဖြိုးတိုးတက်ပြီး ကောင်းမွန်လာမယ်လို့ မြင်မိပါတယ်။ နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းလာမယ်လို့လည်း ယုံကြည်ပါတယ်။ ဒါကြောင့် ဝမ်းပန်းတသာနဲ့ လာရောက်ဂုဏ်ပြုကြိုဆိုခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံကြီး အမြန်ဆုံးအေးချမ်းသာယာဝပြောပြီး တခြားနိုင်ငံတွေနဲ့ ရင်ပေါင်တန်းကာ အလုံးစုံချမ်းသာကြွယ်ဝမှုပြည့်စုံမှုကို ပိုင်ဆိုင်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ရပါတယ်။

**ဦးတိမ်ညွန့်(မြန်မာနိုင်ငံသဘင်အစည်းအရုံး-ဗဟို)**

နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ ခရီးစဉ်အတွင်း ဆောင်ရွက်မှုတွေဟာ ကျွန်တော်တို့နိုင်ငံအတွက် များစွာအကျိုးရှိစေမယ်လို့ မျှော်လင့်မိပါတယ်။ ဒီလိုမျှော်လင့်တဲ့အတိုင်းပဲ နိုင်ငံအကြီးအကဲတွေက စွမ်းစွမ်းတမံဆောင်ရွက်နေတာကိုလည်း မြင်ရတဲ့အတွက် ဝမ်းသာမိပါတယ်။ ဒါကြောင့် ဒီနေ့မှာ ဝမ်းသာဂုဏ်ယူတဲ့စိတ်အပြည့်နဲ့ လာရောက်ကြိုဆိုခြင်းဖြစ်ပါတယ်။ ကြိုဆိုတဲ့နေရာရောက်တော့လည်း တိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေကို တစုတစည်းတည်း တွေ့ရတဲ့အတွက် ဝမ်းသာမိပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့လို ကြိုဆိုခွင့်ရခြင်းဟာလည်း နိုင်ငံအတွက် ကိုယ်နိုင်တဲ့ဘက်က တာဝန်ထမ်းဆောင်ပေးရာရောက်တဲ့အတွက် ကျေးဇူးလည်းတင်ရှိသလို ဂုဏ်လည်းယူမိပါတယ်။

**နောင်တော်လေး**

**(အယ်ဒီတာချုပ်၊ Myanmar National Post)**

ကျွန်တော့်အနေနဲ့ ဒီနေ့ကြိုဆိုပွဲကို မီဒီယာသမားတစ်ယောက်အနေနဲ့ရော သီးခြားဂုဏ်ပြုတဲ့အနေနဲ့ပါ ဝမ်းမြောက်ဝမ်းသာလာရောက်ကြိုဆိုခြင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ခရီးစဉ်ရလဒ်တွေကို ကြည့်ဖြစ်ပါတယ်။ တရုတ်နိုင်ငံကို သွားတုန်းကလည်း နှစ်နိုင်ငံ အကျိုးစီးပွားအတွက် အကောင်းဆုံးဆောင်ရွက်နိုင်ခဲ့တယ်။ အခု ဒီခရီးစဉ်ကျတော့ ပိုပြီးထူးခြားလေးနက်ပါတယ်။ ခရီးစဉ်မှာ ရလဒ်ကောင်းတွေရခဲ့တာဖြစ်တဲ့အတွက် နိုင်ငံရဲ့ အနာဂတ်အတွက် အများကြီးမျှော်လင့်လို့ရခဲ့ပါတယ်။ ဒီကိစ္စကိုလည်း ပြည်သူတွေက ဂုဏ်ယူရမှာဖြစ်ပါတယ်။ နိုင်ငံ ကောင်းဖို့ဆောင်ရွက်နေတဲ့ ကိစ္စမှန်သမျှကို ပြည်သူတွေက ဝမ်းမြောက်ဝမ်းသာဖြစ်ကြရမှာဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲတွေက ဒီလိုမျိုးရှေ့ကနေ နိုင်ငံတည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်နေပါတယ်။ ဒါကြောင့် နိုင်ငံ့ဝန်ထမ်းတွေရော ပြည်သူတွေကပါ ဒီအပေါ်မှာ တစ်သွေးတည်းတစ်သားတည်းဖြစ်ရင် ကျွန်တော်တို့နိုင်ငံအနေနဲ့ တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲတွေရဲ့ ဦးဆောင်မှုနောက်ကို ဖြောင့်ဖြောင့်တန်းတန်းလိုက်သင့်ပါတယ်လို့ ပြောလိုပါတယ်။

**ဒေါ်အေးအေးမိုး(ဒေသခံပြည်သူ)**

ကျွန်မက တပ်ကုန်းမြို့နယ်ကိုယ်စားပြုအနေနဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ ပြည်ပခရီးစဉ်အပြန်ကို လာရောက်ကြိုဆိုတာဖြစ်ပါတယ်။ ကျွန်မအနေနဲ့ အခုလို နိုင်ငံတော်အဆင့်ကြိုဆိုတဲ့ပွဲကို ပထမဆုံးအကြိမ် လာရောက်ကြိုဆိုခွင့်ရတဲ့အတွက် အလွန်ကို ပျော်ရွှင်ဂုဏ်ယူမိပါတယ်။ ဒီခရီးစဉ်ကနေ မြန်မာနိုင်ငံရဲ့ ကဏ္ဍပေါင်းစုံတိုးတက်ဖို့ စာချွန်လွှာတွေ လက်မှတ်ရေးထိုးခဲ့တယ်လို့ သိရတယ်။ အဲဒီ အကျိုးရလဒ် အသီးအပွင့်တွေကို ကျွန်မတို့ ပြည်သူတွေ အမြန်ဆုံး ခံစားရမယ်လို့လည်း မျှော်လင့်မိပါတယ်။

**စောလားကပေါ်**

**(ကြီးကြပ်ရေးမှူး၊ မြန်မာ့စာတိုက်လုပ်ငန်း)**

နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ ရုရှားနိုင်ငံကို သွားရောက်ပြီးတော့ တိုင်းပြည်အတွက် များစွာအကျိုးရှိစေမယ့် MoU လက်မှတ်တွေ ရေးထိုးနိုင်ခဲ့တဲ့အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ဒါကြောင့် အခုလို ကြိုဆိုတဲ့ပွဲကြီးမှာ ပါဝင်ပြီး လာရောက်ကြိုဆိုခွင့် ရရှိတဲ့အတွက် ပျော်ရွှင်မိပါတယ်။ အခု ခရီးစဉ်ကနေ ကျွန်တော်တို့နိုင်ငံ ကဏ္ဍပေါင်းစုံတိုးတက်ဖို့ အများကြီး ဆောင်ကြဉ်းပေးနိုင်ခဲ့တဲ့အတွက် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ရုရှား-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေးလည်း ဒီထက်မက အဓွန့်ရှည်တည်တံ့ပါစေလို့ ဆုတောင်းပါတယ်။

**တွေ့ဆုံမေးမြန်း- မျိုးဆက်သစ်**

**ဓာတ်ပုံ- ကိုကျော်ထိန်အေး**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံများသို့ သွားရောက်သည့် ချစ်ကြည်ရေးခရီးစဉ်များတွင် နိုင်ငံတော်အတွက် ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့မှုအပေါ် အဖွဲ့အစည်းများမှ ဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် မတ် ၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E.Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားချက်အရ ၂၀၂၅ ခုနှစ် မတ်လ ၃ ရက်နေ့တွင် သွားရောက်ရာမှ ယနေ့တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ပြီး မြန်မာနိုင်ငံအတွက် အပြုသဘောဆောင်သောကောင်းမွန်သည့် ရလဒ်များရအောင် ဆွေးနွေးနိုင်ခဲ့သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ မြန်မာနိုင်ငံ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့မှုအပေါ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း- YMBA (ဗဟို)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးအဖွဲ့ချုပ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော်(အောက်မြန်မာပြည်)၊ ယုံကြည်ခြင်းဧဝံဂေလိအသင်းတော်(ပဲခူး)၊ လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)၊ ပိန္နဲကုန်း ရခိုင်ဂျာမေဗလီ၊ ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး၊ မြန်မာ့ရိုးရာအယ် မွတ်စ်လင်မ်ဘာသာရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်၊ လူမျိုးပေါင်းစုံစည်းလုံးညီညွတ်ရေးနှင့်အကျိုးဆောင်အဖွဲ့(ယာယီ)၊ မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ MSME (Cluster) ဖိနပ်လုပ်ငန်းရှင်များဗဟိုအဖွဲ့ချုပ်တို့က ဂုဏ်ယူဝမ်းမြောက်ပါကြောင်း သဘောထားများ အသီးသီးထုတ်ပြန်ကြေညာခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို) ဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

**ရက်စွဲ ၊ ၂၀၂၅ ခုနှစ် မတ်လ (၉) ရက်**

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတကြီး H. E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားချက်အရ နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်များအတွင်း နယ်ပယ်ကဏ္ဍမျိုးစုံ၌ ရရှိခဲ့သည့် သမိုင်းဝင်အောင်မြင်မှုများအတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသူနိုင်ငံသားများ၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရေးအတွက် ဆတက်ထမ်းပိုး သယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဥက္ကဋ္ဌ
ဗဟိုအလုပ်အမှုဆောင်အဖွဲ့ နှင့်
နေပြည်တော်ကောင်စီနယ်မြေ
ပြည်နယ်နှင့် တိုင်းဒေသကြီး
YMBA အသင်းသူ အသင်းသားများ
ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)

## ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော်(ပဲခူး) ဂုဏ်ယူဝမ်းမြောက်ကြောင်းကြေညာချက်

**၂၀၂၅ ခုနှစ်၊ မတ် ၉ ရက်**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H. E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားချက်အရ နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာအဆင့်မြင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ခရီးစဉ်အတွင်း ရုရှားသမ္မတကြီးအပါအဝင် ရုရှားနိုင်ငံရှိ အဆင့်မြင့်ခေါင်းဆောင်ကြီးများအားလုံးနှင့် တွေ့ဆုံဆွေးနွေးနိုင်ခဲ့သည့်အပြင် ရုရှား-မြန်မာ နှစ်နိုင်ငံပိုမိုယုံကြည်စိတ်ချရသည့် ရင်းနှီးသောမိတ်ဆွေကောင်းနိုင်ငံများအဖြစ် တည်ဆောက်နိုင်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအတွက် သမိုင်းဝင်အောင်မြင်မှုများကို ဆောင်ရွက်နိုင်ခဲ့သည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူပါသည်။ နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးစီးပွားများကို ဆတက်ထမ်းပိုး တိုး၍ သယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်း ယုံကြည်ခြင်းဧဝံဂေလိအသင်းတော်(ပဲခူး)က ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ယုံကြည်ခြင်း ဧဝံဂေလိအသင်းတော်(ပဲခူး)**

## မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟို အဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E.Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H. E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားခဲ့မှုအရ ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်တွေ့ဆုံဆွေးနွေးခဲ့ရာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများအတွက် သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်း၊ နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများမှာလည်း ယခင်ကထက် ပိုမိုတိုးတက်လာမည်ဖြစ်၍ နိုင်ငံ၏အေးချမ်းသာယာရေး၊ တိုးတက်စည်ပင်ဝပြောရေးအကျိုးများ ရရှိခံစားရမည်ဖြစ်သည်ဟု ယုံကြည်ပါသောကြောင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်က ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်**

## လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်) ဂုဏ်ယူဝမ်းမြောက်ခြင်း

**၂၀၂၅ ခုနှစ်၊ မတ် ၉ ရက်**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားခဲ့မှုအရ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်အတွင်း မြန်မာ-ရုရှား နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာစေရေး၊ ပိုမိုတည်မြဲစေရေး သမိုင်းကဏ္ဍအသစ်ကို ဖွင့်လှစ်နိုင်ခဲ့သလို မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်နိုင်ခဲ့သည်များကို များစွာနှစ်ထောင်းအားရဝမ်းသာပီတိဖြစ်ရပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အကျိုးကို ဆတက်ထမ်းပိုးသယ်ပိုးဆောင်ရွက်နိုင်ခဲ့သည်များအတွက် လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)က အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**လွတ်မြောက်ခြင်းအသင်းတော်(ရန်ကုန်)**
**၂၀၂၅ ခုနှစ်၊ မတ် ၉ ရက်**

## ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်) ဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

**၂၀၂၅ ခုနှစ်၊ မတ် ၉ ရက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီး အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E.Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားချက်အရ ချစ်ကြည်ရေးသွားရောက်သည့်ခရီးစဉ်အတွင်း မြန်မာနိုင်ငံနှင့် နိုင်ငံသူနိုင်ငံသားများအတွက် ထူးခြားကောင်းမွန်သည့် အကျိုးကျေးဇူးရလဒ်များကို များစွာရယူနိုင်ခဲ့သည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော်(အောက်မြန်မာပြည်)က ဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော်**
**(အောက်မြန်မာပြည်)**

## ပိန္နဲကုန်းရခိုင်ဂျာမေဗလီမှ ဂုဏ်ယူဝမ်းမြောက်ခြင်း

**(၉-၃-၂၀၂၅)**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားခဲ့မှုအရ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်အတွင်း စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး ကဏ္ဍပေါင်းစုံ တိုးမြှင့်နိုင်ရေးအတွက် ဆွေးနွေးနိုင်ခဲ့ပါသည်။ မြန်မာ-ရုရှား ပိုမိုကောင်းမွန်သည့် မဟာမိတ်ဆက်ဆံရေးအား ဖန်တီးနိုင်ခဲ့ပါသည်။ ထိုကဲ့သို့ သမိုင်းဝင်အောင်မြင်မှုများအတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ပိန္နဲကုန်းရခိုင်ဂျာမေဗလီက သဘောထားထုတ်ပြန်အပ်ပါသည်။

**ပိန္နဲကုန်းရခိုင်ဂျာမေဗလီ**

## ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်းမှ သဘောထားထုတ်ပြန်ချက်

**(၉-၃-၂၀၂၅)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားချက်အရ ချစ်ကြည်ရေးခရီးများသွားရောက်ခဲ့ပြီး မြန်မာ-ရုရှား၊ မြန်မာ-ဘယ်လာရုစ် မိတ်ဖက်နိုင်ငံအစိုးရများအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စာချွန်လွှာများ၊ အားကစားကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ ဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်ရေး၊ စိုက်ပျိုးရေးနှင့် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာများ လဲလှယ်နိုင်ခဲ့မှုအပေါ် ဘူးသီးတောင် မောင်တောဒေသဖွံ့ဖြိုးရေးအသင်းက လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**ဘူးသီးတောင်မောင်တောဒေသဖွံ့ဖြိုးရေးအသင်း**

## မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)၏ ဂုဏ်ပြုဝမ်းမြောက်ကြောင်း ထုတ်ပြန်ချက်

၂၀၂၅ ခုနှစ် မတ် ၉ ရက်

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E.Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားခဲ့မှုအရ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေး ခရီးစဉ်များအတွင်း နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် သမိုင်းဝင်အောင်မြင်မှုများရရှိခဲ့သည့်အတွက် များစွာဂုဏ်ယူ ဝမ်းမြောက်ကြောင်းနှင့် နိုင်ငံတော်တာဝန်များကို ဆတက်ထမ်းပိုးတိုး၍ သယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်းလည်း မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)က ဆုမွန်ကောင်း တောင်းအပ်ပါသည်။

မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)

## မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ် ဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

၂၀၂၅ ခုနှစ် မတ်လ ၉ ရက်

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E.Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားချက်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်အတွင်း ရုရှား-မြန်မာ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူ စာချွန်လွှာများအား ဆွေးနွေးညှိနှိုင်းလက်မှတ်ရေးထိုးခြင်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့မှုအပေါ် မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်က လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်

## ဂုဏ်ယူဝမ်းမြောက်ခြင်း

၁။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E.Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားခဲ့မှုဖြင့် နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်များအတွင်း ရရှိခဲ့သည့် သမိုင်းဝင် အောင်မြင်မှုများအတွက် များစွာ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

၂။ အဆိုပါ ချစ်ကြည်ရေးခရီးစဉ်သည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် များစွာအထောက်အကူပြုသည့်အတွက် ဆတက်ထမ်းပိုးတိုး၍ သယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်းလည်း ဆုမွန်ကောင်းတောင်းအပ်ပါသည် ။

မြန်မာနိုင်ငံစာရေးဆရာအသင်း

## မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး ဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

၂၀၂၅ ခုနှစ် မတ် ၉ ရက်

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E.Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E.Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားခဲ့မှုအရ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ခရီးစဉ်အတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်ကဏ္ဍပေါင်းစုံ တိုးမြှင့်နိုင်ရေးအတွက် ဆွေးနွေးနိုင်ခဲ့ပါသည်။ ထို့အပြင် မြန်မာ-ရုရှား မိတ်ဖက်ဆက်ဆံရေး၊ မဟာမိတ်ဆက်ဆံရေးတို့ကို ခိုင်မာသည့်ဆက်ဆံရေးအဖြစ် ဖန်တီးနိုင်ခဲ့ပါသည်။

ထိုကဲ့သို့ မြန်မာ-ရုရှား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့သည်များကို များစွာနှစ်ထောင်းအားရ ဝမ်းသာပီတိဖြစ်ရပါသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ခဲ့သည်များအတွက် မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံးက ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာနိုင်ငံလုံးဆိုင်ရာ MSME(Cluster) ဖိနပ်လုပ်ငန်းရှင်များဗဟိုအဖွဲ့ချုပ်မှ ဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E.Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E.Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားခဲ့မှုအရ ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်တွေ့ဆုံဆွေးနွေးခဲ့ရာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများအတွက် သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်း၊ နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများမှာလည်း ယခင်ကထက် ပိုမိုတိုးတက်လာမည်ဖြစ်သဖြင့် နိုင်ငံ၏ အေးချမ်းသာယာရေး၊ တိုးတက်စည်ပင်ဝပြောရေးအကျိုးများ ရရှိခံစားရမည်ဖြစ်သည်ဟု ယုံကြည်ပါသောကြောင့် မြန်မာနိုင်ငံလုံးဆိုင်ရာ MSME (Cluster) ဖိနပ်လုပ်ငန်းရှင်များ ဗဟိုအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များက ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ MSME(Cluster) ဖိနပ်လုပ်ငန်းရှင်များ ဗဟိုအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ

## မြန်မာရှီအာဟ်မွတ်စ်လင်မ်ဘာသာရေးအဖွဲ့(ဗဟို) ဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

၂၀၂၅ ခုနှစ် မတ်လ ၉ ရက်

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီးနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီးတို့၏ အထူးဖိတ်ကြားခဲ့မှုအရ ချစ်ကြည်ရေးခရီးစဉ်များကို သွားရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ်များအတွင်း နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားများကို အပြုသဘောဆောင်သည့် တိုးတက်မှုများရရှိအောင် ဆွေးနွေးနိုင်ခဲ့မှုအပေါ် မြန်မာရှီအာဟ်မွတ်စ်လင်မ် ဘာသာရေးအဖွဲ့(ဗဟို)က လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း သဘောထားကြေညာအပ်ပါသည်။

မြန်မာရှီအာဟ်မွတ်စ်လင်မ်ဘာသာရေးအဖွဲ့(ဗဟို)

## လူမျိုးပေါင်းစုံညီညွတ်ရေးနှင့် အကျိုးဆောင်အဖွဲ့(ယာယီ)၏ ဝမ်းမြောက်ဂုဏ်ယူကြောင်း ထုတ်ပြန်ချက်

နေပြည်တော် မတ် ၉ ရက်

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတကြီး H.E.Mr. Vladimir Vladimirovich Putin နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko တို့၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းသမ္မတနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် (Official State Visit) တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်များအတွင်း နယ်ပယ်ကဏ္ဍမျိုးစုံ၌ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စများကို ခိုင်ခိုင်မာမာဆွေးနွေးညှိနှိုင်းနိုင်ခဲ့ပါသည်။

နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်များအတွင်း နှစ်နိုင်ငံခေါင်းဆောင်များ၏ တွေ့ဆုံဆွေးနွေးမှုများမှ ရရှိခဲ့သည့် သမိုင်းဝင်အောင်မြင်မှုရလဒ်များအတွက် လှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသူ၊ နိုင်ငံသားများ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးအတွက် ဆတက်ထမ်းပိုး သယ်ပိုးထမ်းရွက်နိုင်ပါစေကြောင်း လူမျိုးပေါင်းစုံညီညွတ်ရေးနှင့် အကျိုးဆောင်အဖွဲ့(ယာယီ)က ဆုမွန်ကောင်းတောင်းအပ်ပါသည်။

လူမျိုးပေါင်းစုံညီညွတ်ရေးနှင့် အကျိုးဆောင်အဖွဲ့(ယာယီ)

## "လူနေမှုဘဝအစဉ်တည်တံ့ဖို့ မျှတအသွင်ကူးပြောင်းစို့" ဆောင်ပုဒ်ဖြင့် ပညာပေးအစီအစဉ် Talk Show ကျင်းပသွားမည်

ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့(World Consumer Rights Day) အထိမ်းအမှတ်အဖြစ် "လူနေမှုဘဝ အစဉ်တည်တံ့ဖို့ မျှတအသွင်ကူးပြောင်းစို့" ဆောင်ပုဒ်ဖြင့် စားသုံးသူကာကွယ်ရေးနှင့်စပ်လျဉ်းသည့် ပညာပေးအစီအစဉ် Talk Show ကို မတ် ၁၁ ရက်တွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ခန်းမ၌ ကျင်းပသွားမည်ဟု မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ သိရသည်။




စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူကာကွယ်ရေးဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ (World Consumer Rights Day) ကို နှစ်စဉ်ဂုဏ်ပြုကျင်းပ လျက်ရှိရာ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ ၂၀၂၅ ခုနှစ် မတ် ၁၅ ရက်တွင်ကျရောက်မည့် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ကို "လူနေမှုဘဝအစဉ်တည်တံ့ဖို့ မျှတအသွင်ကူးပြောင်းစို့" (A Just Transition to Sustainable Lifestyles) ဆောင်ပုဒ်နှင့်အညီ ၄င်းနေ့မတိုင်မီ တစ်ပတ်အလိုမှစ၍ စားသုံးသူရေးရာဦးစီးဌာန မန္တလေးတိုင်းဒေသကြီး(Facebook Page) မှာ စားသုံးသူအခွင့်အရေးများနေ့နှင့် သက်ဆိုင်သည့် သတင်းအချက်များ ကြိုတင်ဖြန့်ဝေခြင်းများနှင့် မတ် ၁၁ ရက်တွင် ပညာပေးအစီအစဉ် Talk Show များ၊ ဆောင်ရွက်သွားမည်ဟု သိရသည်။

အဆိုပါအခမ်းအနားတွင် စားသုံးသူရေးရာဌာနမှ တာဝန်ရှိသူများက တက်ရောက်လာကြသည့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ဧည့်သည်များကို စားသုံးသူရေးရာကိစ္စရပ်များ ရှင်းလင်းဆွေးနွေးခြင်း၊ စားသုံးသူကာကွယ်ရေးနှင့်ပတ်သက်သော အသိပညာဗဟုသုတဉာဏ်စမ်းပဟေဠိ ဖြေဆိုခြင်းနှင့် ဆုချီးမြှင့်ခြင်း၊ ဧည့်ခံကျွေးမွေးခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းတို့ကို ပြုလုပ်သွားရန် စီစဉ်ထားပြီး ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ အထိမ်းအမှတ်အခမ်းအနားဆောင်ပုဒ်ဖြစ်သည့် "လူနေမှုဘဝ အစဉ်တည်တံ့ဖို့ မျှတအသွင် ကူးပြောင်းစို့"(A Just Transition to Sustainable Lifestyles)မြေစိုက်ပိုစတာအား စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးရှေ့မျက်နှာတွင် စိုက်ထူသွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၅)

# နိုင်ငံတကာ အားကစား သတင်းများ

## အဂွဲရိုး၏ ပရီးမီးယားလိဂ် သွင်းဂိုးစံချိန်အား ဆာလာ လိုက်မီ

**လီဗာပူး မတ် ၉**

လီဗာပူးအသင်းတိုက်စစ်မှူး ဆာလာသည် မန်ချက်စတာစီးတီးအသင်းတိုက်စစ်မှူးဟောင်း အဂွဲရိုး၏ ပရီးမီးယားလိဂ်သွင်းဂိုး(၁၈၄)ဂိုး စံချိန်အား လိုက်မီခဲ့ပြီ ဖြစ်သည်။

အဆိုပါ တိုက်စစ်မှူးသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် လီဗာပူးအသင်းက ဆောက်သမ်တန်အသင်းအား သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန် သွင်းဂိုး နှစ်ဂိုး သွင်းယူပေးပြီးနောက် အဂွဲရိုး၏ စံချိန်အား လိုက်မီခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် လီဗာပူးအသင်းတိုက်စစ်မှူး ဆာလာသည် အသင်းကစားသမားဟောင်း လူးဝစ်ဆွာရက်ဇ်တင်ရှိထားသည့် တစ်ရာသီဂိုးပါဝင်ပတ်သက်မှုအများဆုံး (၄၃)ဂိုး စံချိန်ကိုလည်းကျော်ဖြတ်နိုင်ခဲ့သည်။

အသက်(၃၂)နှစ်အရွယ်ရှိ ဆာလာက "ကျွန်တော် အခုလို စံချိန်မှတ်တမ်းကောင်းတွေ ပိုင်ဆိုင်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို သွင်းဂိုးတွေနဲ့ အသင်းအောင်မြင်မှုများ ရရှိဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(အောက်ပုံ)**

**(NGB)**





## မန်ချက်စတာစီးတီးအသင်း ပရီးမီးယားလိဂ်ရှုံးပွဲအရေအတွက် ကိုးပွဲအထိရှိလာ

**လန်ဒန် မတ် ၉**

မန်ချက်စတာစီးတီးအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ရလဒ်များအလွန်ဆိုးရွားနေပြီး ပရီးမီးယားလိဂ် ရှုံးပွဲအရေအတွက် ကိုးပွဲအထိ ရှိလာခဲ့သည့် မှတ်တမ်းဆိုးတစ်ရပ်ပိုင်ဆိုင်ခဲ့သည်။

ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် မန်ချက်စတာစီးတီးအသင်းသည် နော့တင်ဟမ်ဖောရက်စ်အသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ယခုလို မှတ်တမ်းဆိုးတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်း ဖြစ်သည်။

မန်ချက်စတာစီးတီးအသင်းသည် ယခုနှစ် ဘောလုံးရာသီပရီးမီးယားလိဂ်ပွဲစဉ် ၂၈ပွဲကစားအပြီးတွင် နိုင်ပွဲ ၁၄ပွဲ၊ သရေငါးပွဲ၊ ရှုံးပွဲ ကိုးပွဲအထိ ရှိလာခဲ့သည်။

ထို့ပြင် မန်ချက်စတာစီးတီးအသင်းသည် လက်ရှိအချိန် အမှတ်ပေးဇယား အဆင့်(၄)နေရာတွင် ရပ်တည်နေပြီး အဆင့်(၁)နေရာမှ လီဗာပူးအသင်းနှင့် ရမှတ် ၂၃မှတ်အထိ ကွာဟနေခဲ့မှုကြောင့် ပရီးမီးယားလိဂ်ချန်ပီယံဆုနှင့် လွဲချော်ရန်လည်း သေချာလုနီးပါးရှိနေခဲ့ပြီဖြစ်သည်။ **(အပေါ်ပုံ)**

**(NGB)**

## ဘော့စ်မန်း ဒူးဒဏ်ရာကြောင့် ရှစ်ပတ်ခန့် အနားယူရမည်

**လန်ဒန် မတ် ၉**

နယူးကာဆယ်အသင်း နောက်ခံကစားသမား ဘော့စ်မန်းသည် ဒူးဒဏ်ရာကြောင့် ရှစ်ပတ်ခန့်အထိ အနားယူရမည် ဖြစ်သည်။

အဆိုပါ နောက်ခံကစားသမားသည် နယူးကာဆယ်အသင်းက အာဆင်နယ်အသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

နောက်ခံကစားသမား ဘော့စ်မန်း ဒူးဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် နယူးကာဆယ်အသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၅)နှစ်အရွယ်ရှိ နောက်ခံကစားသမား ဘော့စ်မန်းသည် နယူးကာဆယ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၁ပွဲကစားပြီး နှစ်ဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။

**(အောက်ပုံ) (NGB)**



## ကာကက်ဇ် ဘုန်းမောက်အသင်းမှ ထွက်ခွာသွားဖွယ်ရှိ

**လန်ဒန် မတ် ၉**

နောက်ခံကစားသမား ကာကက်ဇ် ယခုနှစ်ဘောလုံးရာသီ အကုန်တွင် ဘုန်းမောက်အသင်းမှ ထွက်ခွာသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။



အဆိုပါ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် လီဗာပူးအသင်း အပါအဝင် ဥရောပကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

နောက်ခံကစားသမား ကာကက်ဇ်သည် ဘုန်းမောက်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၆၃ ပွဲ ကစားပြီး နှစ်ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ဘုန်းမောက်အသင်းကလည်း ကာကက်ဇ်အတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၄၀ ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိနေသည်။

ထို့ကြောင့် ကာကက်ဇ် အနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း ဘုန်းမောက်အသင်းမှ ထွက်ခွာပြီး မည်သည့်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိမည်လည်းဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။ **(အပေါ်ပုံ)**

**(NGB)**

## အသင်းဆရာဝန် ကွယ်လွန်သွားသောကြောင့် ဘာစီလိုနာအသင်းနှင့် အိုဆာဆူနာအသင်းတို့ပွဲစဉ် ရွှေ့ဆိုင်းခဲ့ရ

**ဘာစီလိုနာ မတ် ၉**

ဘာစီလိုနာအသင်းသည် အသင်း ဆရာဝန် ကားလက်စ်မီနာရိုဂါစီယာ ကွယ်လွန်သွားသောကြောင့် အိုဆာဆူနာအသင်းနှင့် ကစားမည့် စပိန်လာလီဂါပွဲစဉ်အား ရွှေ့ဆိုင်းခဲ့ရသည်။

ဘာစီလိုနာအသင်းသည် ပွဲမစတင်မီ မိနစ် ၂၀အလိုမှာပင် အသင်း၏ အဓိကဆရာဝန် ကွယ်လွန်သွားသည်ဆိုသည့် သတင်းကြားခဲ့ရခြင်းကြောင့် အိုဆာဆူနာနှင့် ပွဲစဉ်အား ရွှေ့ဆိုင်းပေးရန် စပိန်လာလီဂါအဖွဲ့ချုပ်ထံ တောင်းဆိုခဲ့ပြီး အဖွဲ့ချုပ်က ချက်ချင်းဆိုသလို ပွဲအား ရွှေ့ဆိုင်းပေးခဲ့သည်။

အသင်းဆရာဝန် ကားလက်စ်မီနာရိုဂါစီယာသည် ဘာစီလိုနာအသင်းကစားသမားများနှင့်အတူ အသင်းဟိုတယ်တွင် မနက်စာအတူစားသောက်ခဲ့ကြပြီးနောက် အိပ်စက်နေစဉ် ရုတ်တရက်ကွယ်လွန်ခဲ့ခြင်း ဖြစ်သည်။

စပိန်လာလီဂါအဖွဲ့ချုပ်ကလည်း ယခုရွှေ့ဆိုင်းခဲ့သည့် ဘာစီလိုနာအသင်းနှင့် အိုဆာဆူနာအသင်းတို့ ပြန်လည်ယှဉ်ပြိုင်ကစားရမည့် ရက်အား မကြာမီအချိန်အတွင်း ကြေညာပေးသွားမည်ဖြစ်သည်။ **(အောက်ပုံ)**

**(NGB)**



## ရာအူးလ်အား နည်းပြသစ်အဖြစ် ခန့်အပ်ရန် ရှော်လ်ကေးအသင်းစီစဉ်



**မြူးနစ် မတ် ၉**

ဘွန်ဒက်လီဂါလိဂ်(၂)ကလပ် ရှော်လ်ကေးအသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ရာအူးလ်အား ခန့်အပ်ရန် စီစဉ်လျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

နည်းပြ ရာအူးလ်သည် လက်ရှိအချိန် ရီးရဲလ်မက်ဒရစ်ဘီအသင်းအား ကိုင်တွယ်နေပြီး အတွေ့အကြုံရှိသူတစ်ဦးဖြစ်ခြင်းကြောင့် ရှော်လ်ကေးအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ရန် စီစဉ်လာခြင်း ဖြစ်သည်။

နည်းပြ ရာအူးလ်ကိုယ်တိုင်ကလည်း အတွေ့အကြုံသစ်များရရှိရန်အတွက် ရှော်လ်ကေးအသင်း၏ ကမ်းလှမ်းလာမှုကို လက်ခံစဉ်းစားသွားဖွယ်ရှိနေသည်။

ထို့ကြောင့် နည်းပြ ရာအူးလ်အား ရှော်လ်ကေးအသင်း နည်းပြသစ်အဖြစ် မြင်တွေ့ရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(ဝဲပုံ)**

**(NGB)**

## 2025 BNP Paribas Open အမျိုးသမီးတင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ Iga Swiatek တက်ရောက်

**မိုင်ယာမီ မတ် ၉**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 BNP Paribas Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ ပိုလန်တင်းနစ်မယ် Iga Swiatek တက်ရောက်နိုင်ခဲ့သည်။

အဆိုပါ ပိုလန်တင်းနစ်မယ် Iga Swiatek သည် 2025 BNP Paribas Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် ပြင်သစ်တင်းနစ်မယ် Caroline Garcia အား ၆-၂၊ ၆-၀ ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2025 BNP Paribas Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်တွင် ပိုလန်တင်းနစ်မယ် Iga Swiatek နှင့်ယူကရိန်းတင်းနစ်မယ် Dayana Yastremska တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။ **(အောက်ပုံ) (NGB)**



### အင်္ဂလိပ်ပရီးမီးယား ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၈)ဇယား

နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပထမအကျော့ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၁၁-၃-၂၀၂၅ | (၁၅) ဝက်စ်ဟမ်း – နယူးကာဆယ်(၆) | ဝက်စ်ဟမ်း ၂-၂ နယူးကာဆယ် | ဝက်စ်ဟမ်း(အိမ်) | ၁၄ | ၅ | ၂ | ၇ | ၁၈ | ၂၇ |
| နံနက် ၀၂:၃၀နာရီ | (နယူးကာဆယ် ၀-၂ ဝက်စ်ဟမ်း) | နယူးကာဆယ် ၄-၃ ဝက်စ်ဟမ်း | နယူး(ဧည့်) | ၁၄ | ၆ | ၃ | ၅ | ၂၂ | ၂၁ |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၈)ဇယား

နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပထမအကျော့ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၁၁-၃-၂၀၂၅ | (၅) လာဇီယို – အူဒီးနီးစ်(၁၀) | လာဇီယို ၁-၂ အူဒီးနီးစ် | လာဇီ(အိမ်) | ၁၃ | ၇ | ၄ | ၂ | ၂၇ | ၁၉ |
| နံနက် ၀၂:၁၅နာရီ | (အူဒီးနီးစ် ၂-၁ လာဇီယို) | အူဒီးနီးစ် ၁-၂ လာဇီယို | အူဒီး(ဧည့်) | ၁၃ | ၄ | ၄ | ၅ | ၁၅ | ၂၀ |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၇)ဇယား

နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပထမအကျော့ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၁၁-၃-၂၀၂၅ | (၁၅) အက်စ်ပန်ညို – ဂျီရိုနာ(၁၃) | အက်စ်ပန်ညို ၂-၂ ဂျီရိုနာ | အက်စ်ပန်(အိမ်) | ၁၃ | ၆ | ၄ | ၃ | ၁၇ | ၁၄ |
| နံနက် ၀၂:၃၀နာရီ | (ဂျီရိုနာ ၄-၁ အက်စ်ပန်ညို) | ဂျီရိုနာ ၂-၁ အက်စ်ပန်ညို | ဂျီရိုနာ(ဧည့်) | ၁၃ | ၃ | ၃ | ၇ | ၁၀ | ၁၉ |

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် သုမင်္ဂလာဈေး(ညံ့တောဈေး) ခြောက်ထပ်အဆင့်မြင့်ဈေးသစ် တည်ဆောက်ရေးစီမံကိန်းနှင့် အမျိုးသားကန်တော်ကြီးဥယျာဉ်သို့ သွားရောက်ကြည့်ရှု

**မန္တလေး မတ် ၉**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ သယံဇာတရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့မွန်းလွဲပိုင်းက ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး(ညံ့တောဈေး) ခြောက်ထပ်အဆင့်မြင့်ဈေးသစ် တည်ဆောက်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုခဲ့သည်။

ထိုသို့ သွားရောက်ကြည့်ရှုစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့အား တာဝန်ရှိသူများက ဈေးကြီးအတွက် လျှပ်စစ်ဓာတ်အားလုပ်ငန်းများဆောင်ရွက်ရန် စီစဉ်နေမှု၊ LED Board တပ်ဆင်သွားမည့်အစီအစဉ်များ၊ အဆောက်အအုံ အပြင်နှင့်အတွင်း အလှဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရန် စီစဉ်နေမှုများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းများ အဆင်ပြေချောမွေ့စွာဖြင့် ပြီးမြောက်ရေးနှင့် သတ်မှတ်ကာလအတွင်း ပြီးစီးရေးအတွက် အလေးထားကာ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်းပြောကြားပြီးနောက် ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှု အခြေအနေများနှင့် ဈေးကြီးမှထွက်ရှိမည့် စွန့်ပစ်ရေထွက်မြောင်းများအတွက် လမ်းဖြတ်ရေမြောင်း တည်ဆောက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်သို့ ရောက်ရှိပြီး ကန်တော်ကြီးဥယျာဉ်၏ ခြံစည်းရိုးများအား စနစ်တကျပြန်လည်ကာရံ ဆောင်ရွက်နေမှု၊ ကန်အမှတ်(၃)ရှိ သစ်သားတံတားကို ပျဉ်းကတိုးသစ်မာများဖြင့် သကြံန်မတိုင်မီအပြီး ပြန်လည်ပြင်ဆင်ခင်းကျင်းနေမှု၊ ဥယျာဉ်အတွင်းရှိ ဂင်ဂိုပင် (ကမ္ဘာ့ဦးပင်)ပတ်လည်တွင် မြေယာရှုခင်းအလှနှင့် လျှောက်လမ်းဆောင်ရွက်ပြီးစီးမှုတို့ကို လိုက်လံကြည့်ရှုပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀















# ဌာနဆိုင်ရာဝန်ထမ်းများအတွက် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းဖွင့်ပွဲ မန္တလေးပညာရေးဒီဂရီကောလိပ်တွင် ကျင်းပ




**မန္တလေး မတ် ၉**

မန္တလေးတိုင်းဒေသကြီး တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲက ဌာနဆိုင်ရာဝန်ထမ်းများအား ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးပညာရေးဒီဂရီကောလိပ်၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေး၊ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲဥက္ကဋ္ဌ တိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသူများ၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံးမှ သင်တန်းနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းဒေသကြီးဥပဒေချုပ်က နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်းများမှ အထက်တန်းပြ ဆရာ၊ ဆရာမများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်အသီးသီးမှ ဆရာ၊ ဆရာမများအား ဆရာဖြစ် သင်တန်းနှင့် ဥပဒေအသိပညာပေးခြင်းများ သင်တန်းဖွင့်လှစ်ပို့ချပြီးဖြစ်ပါကြောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများအား ဥပဒေအသိပညာများရရှိစေရေး ရည်ရွယ်၍ ယခုသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိတို့ လုပ်ကိုင်ဆောင်ရွက်နေသည့် လုပ်ငန်းများအား ဥပဒေ၊လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်ရေးမှာ အရေးကြီးပါကြောင်း၊ ဥပဒေကို သိရှိနားလည်ထားရန် လိုအပ်ပါကြောင်း၊ သို့မှသာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် မှန်ကန်ထိရောက်စွာ လုပ်ကိုင်နိုင်မည်ဖြစ်ပါကြောင်း၊ သင်တန်းပို့ချမှုများကို စိတ်ပါဝင်စားစွာ လေ့လာမှတ်သားပြီး ရရှိသည့် ဥပဒေဗဟုသုတအသိများဖြင့် လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်တွင် ပြန်လည်အသုံးချကာ နိုင်ငံနှင့် ပြည်သူအတွက် ကောင်းကျိုးရလဒ်များကို ဖော်ဆောင်နိုင်မည်ဖြစ်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားခဲ့သည်။



သင်တန်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ၊ လောင်းကစားဥပဒေ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ ပြည်သူ့စစ်မှုထမ်းဥပဒေစသည့် ဥပဒေဘာသာရပ် (၅)ခုကို သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းကာလ ၃ရက် ကြာမြင့်မည်ဖြစ်ကြောင်းနှင့် ဌာနဆိုင်ရာများမှ အရာထမ်း၊ အမှုထမ်း စုစုပေါင်း ၁၀၀ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

သတင်း- စာမျက်နှာ ၁၂



## သတ္တမအကြိမ်မြောက် AGTI ဒီပလိုမာ အပ်နှင်းပွဲအခမ်းအနား ကျင်းပ

**ကျောက်ပန်းတောင်း မတ် ၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့ အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ပန်းတောင်း)၏ သတ္တမအကြိမ်မြောက် AGTI ဒီပလိုမာလက်မှတ် အပ်နှင်းသည့် အခမ်းအနားကို ယနေ့ နံနက် ၉နာရီက အဆိုပါကျောင်းရှိ ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပသည်။

ကျောက်ပန်းတောင်းမြို့ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း၏ ၂၀၂၃-၂၀၂၄ခုနှစ် ပညာသင်နှစ်အတွက် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် မောင်မယ်များအား ဒီပလိုမာလက်မှတ် အပ်နှင်းခြင်းဖြစ်ပြီး အခမ်းအနားတွင် ကျောင်းအုပ်ကြီး ဒေါက်တာရီရီမွန်က ဒီပလိုမာအပ်နှင်းပွဲအခမ်းအနား ကျင်းပကြောင်း ကြေညာ၍ ဒီပလိုမာလက်မှတ်ရယူမည့် ကျောင်းသား၊ ကျောင်းသူများအား ကတိကဝတ်ပြုစေပြီး ဒီပလိုမာ အောင်လက်မှတ် တက်ရောက်ရယူသည့် မေဂျာအသီးသီးမှ ကျောင်းသား ၄၁ဦး၊ ကျောင်းသူ ၃၄ဦး၊ စုစုပေါင်း ၇၅ဦးတို့အား ဒီပလိုမာလက်မှတ်များကို ပေးအပ်သည်။

ယင်းနောက် ကျောင်းအုပ်ကြီးက မိန့်ခွန်းပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ဒီပလိုမာ အောင်လက်မှတ်များကို အဝေးရောက်ရယူမည့်သူ ကျား ၂၀ဦး၊ မ ၁၇ဦး၊ ပေါင်း ၃၇ဦးရှိကြောင်း သိရပြီး၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် အောင်လက်မှတ်ရရှိသူ ကျား ၆၁ဦး၊ မ ၅၁ဦး စုစုပေါင်း ၁၁၂ဦး ဖြစ်သည်။

သတ္တမအကြိမ်မြောက် ဒီပလိုမာအောင်လက်မှတ် ပေးအပ်ပွဲ အခမ်းအနားသို့ အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ပန်းတောင်း) ကျောင်းအုပ်ကြီး ဒေါက်တာရီရီမွန်၊ ဒုတိယကျောင်းအုပ်ကြီး ဦးဟန်ဝင်းအောင်နှင့် ဌာနမှူးများ၊ သင်ကြားရေး ဆရာ၊ ဆရာမများနှင့် အောင်လက်မှတ်ရယူကြသည့် ကျောင်းသား၊ ကျောင်းသူများ၊ ၎င်းတို့၏ မိဘများ၊ စုစုပေါင်း ၁၅၀ဦးခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(၄၅၆)

## ကူးသန်းရောင်းဝယ်ရေးပညာသင်ကျောင်း အငှမအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပ

**မန္တလေး မတ် ၉**



မန္တလေးမြို့ ကူးသန်းရောင်းဝယ်ရေး ပညာသင်ကျောင်း၏ အငှမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ယနေ့ နံနက် ၉နာရီခွဲတွင် ချမ်းအေးသာစံမြို့နယ်၊ ၇၇ လမ်း၊ လမ်း ၃၀နှင့် ၃၁လမ်းကြား၊ ရွှေဘုံသာမြတ်စွာဘုရား မြေမှာရုံတွင် ကျင်းပသည်။

အာစရိယပူဇော်ပွဲတွင် ကျောင်းသား၊ ကျောင်းသူများက ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများအား လက်အုပ်ချီမိုး ရှိခိုးကန်တော့ကြပြီး ကန်တော့ငွေနှင့် ကန်တော့ပစ္စည်းများ ပေးအပ်ကြသည်။

ထို့နောက် အငြိမ်းစား ကျောင်းအုပ်ဆရာကြီး ဦးရွှေထွန်းနှင့် ဆရာကြီး၊ ဆရာမကြီးများက ဆုပေးစကားများ အသီးသီးပြောကြားခဲ့ကြပြီး ကျောင်းသားဟောင်း ဦးဉာဏ်တင်က ဆုတောင်းမေတ္တာပို့သခြင်းနှင့် ငွေစာရင်းရှင်းတမ်းတို့ကို ဖတ်ကြားအတည်ပြုခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခဲ့သည်။

အာစရိယပူဇော်ကန်တော့ခြင်းကို မန္တလေးမြို့ပေါ်ရှိ ဆရာကြီး၊ ဆရာမကြီးများအား ကိုယ်တိုင်ကန်တော့ပြီး အခြားမြို့များရှိ ဆရာကြီး၊ ဆရာမကြီးများအား K Pay၊ Wave Pay တို့ဖြင့် ပူဇော်ကန်တော့ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

၀-၀-၀-၀-၀

| အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၈)အနိုင်၊ အရှုံး (NGB) | | | | |
|---|---|---|---|---|
| ပီရိုနာ | ၁ | - | ၂ | ဘိုလော့ညာ |
| နာပိုလီ | ၂ | - | ၁ | ဖီအိုရင်တီးနား |

| ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၅)အနိုင်၊ အရှုံး (NGB) | | | | |
|---|---|---|---|---|
| ဖရန့်ဖတ် | ၁ | - | ၂ | ယူနီယံဘာလင် |

| စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၇)အနိုင်၊ အရှုံး (NGB) | | | | |
|---|---|---|---|---|
| ဂီတာဖေး | ၂ | - | ၁ | အက်သလက်တီကို |

| ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၅)အနိုင်၊ အရှုံး (NGB) | | | | |
|---|---|---|---|---|
| ဘရက် | ၂ | - | ၀ | အန်ဂါစ် |

ဝတ္ထုတိုကဏ္ဍ

# နှလုံးသားထဲက အဖေ့မေတ္တာ

## မျိုးမင်းထက်(မန္တလေး)



သားအပေါ်ထားသည့် ဖခင်မေတ္တာပြိုင်ပွဲများရှိခဲ့လျှင် ထိပ်ဆုံးကနေဝင်ပြိုင်လိုက်ချင်သည်။ မေတ္တာပမာဏချင်းတူရင် အရှုံးပေးလိုက်မည်ဆိုသူဖခင်တစ်ဦးကို ပြပါဆိုလျှင် ဦးလှကျော်ကို ညွှန်းရပါလိမ့်မည်။

ယခုလည်း ဦးလှကျော်တစ်ယောက် သားအပေါ်ထားသည့်မေတ္တာအား၊ သားဘဝကောင်းစားစေလိုသည့် စေတနာအားများကိုရင်နှင့်အမျှ သိုမှီးထားရလွန်း၍ နှလုံးသားပင် ဒဏ်သင့်ကာ အိပ်ရာထက်၌အနားယူနေရသည်မှာ လအတန်ပင်ကြာခဲ့ပြီ။

အိပ်ရာထဲလဲသည်ဆိုပေမယ့် လူမမာလုံးလုံး ပုံစံတော့မဟုတ်။ ထူထူထောင်ထောင် သွားသွားလာလာပင်။ ကိုယ်ရောစိတ်ပါ အနားယူစေလိုသောကြောင့် ဆရာဝန်က ညွှန်ကြားထားသဖြင့် အနားယူနေခြင်းဖြစ်သည်။ သို့ရာတွင် သားစိတ်ဖြင့်ရတက်မအေး၊ စိတ်လေးနေလေသည်။ သားဖြစ်သူနှင့် ကွဲကွာနေသည်မှာလည်း တစ်နှစ်ခွဲမျှပင်ရှိနေပြီ။

ဦးလှကျော်သည် သားဖြစ်သူကိုပညာတတ် လူလိမ္မာတစ်ယောက် ဖြစ်စေချင်သည်။ သားဖြစ်သူကို ငယ်စဉ်ကတည်းက ဆိုဆုံးမခဲ့သည်။ မိမိဘဝအတွေ့အကြုံများနှင့် ယှဉ်ပြောပြခဲ့သည်။ ပညာသင်ပေးခဲ့သည်။ မိမိငယ်စဉ်ကလို သားဖြစ်သူမဆင်းရဲစေရ။ အရာရှိ အရာခံကြီးဖြစ်စေရမည်ဟု အားမာန်မွေးခဲ့သည်။ အအိပ်အနေ အစားအသောက် ဥတုရာသီတွေ ဂရုမထားအား။ စီးပွားရေးအခြေခိုင်အောင် လုံးပန်းခဲ့သည်။ ကြီးပွားအောင် အပတ်တကုတ်ကြံဆောင်လုပ်ဆောင်ခဲ့သည်။

စီးပွားရေး၊ ကြီးပွားရေး အားသွန်လုပ်သလို သားအတွက်လည်းမလစ်ဟင်းအောင် လုပ်ဆောင်သည်။ သားဖြစ်သူ ပညာရေး၊လိမ္မာရေးအတွက် သင့်တော်ရာစာအုပ်စာတမ်းများ ဝယ်ပေးသည်။ ဖတ်မှတ်လေ့လာစေခဲ့သည်။ ကျောင်းစာလည်း လိုက်နိုင်အောင် လိုလေသေးမရှိ စီစဉ်ပေးသည်။

ဦးလှကျော်ငယ်ဘဝက ဆင်းရဲသည်။ ကျောင်းဆက်တက်ချင်ခဲ့သော်လည်း ဆက်တက်ခွင့်မရခဲ့။ငါးတန်းနှင့် ကျောင်းထွက်ခဲ့ရသည်။ မိဘများမှာ သားသမီးငါးယောက်နှင့် လုံးလည်လိုက်နေသည်။ တစ်နေ့လုပ် တစ်နေ့စား ရရစားစားဘဝမို့ ပညာရေးပြတ်ခဲ့ရသည်။ ဆင်းရဲချို့တဲ့စွာ မိဘများနှင့်အတူ လုပ်ကိုင်စားသောက်ခဲ့ရသည်။

အိမ်ထောင်ကျပြီး သားမောင်ကျော်တင့်မွေးပြီးချိန်တွင် ကံကောင်းထောက်မစွာ လုပ်ငန်းရှင်တစ်ဦးထံမှ ငွေအရင်းအနှီးရသဖြင့် ကုန်ရောင်းကုန်ဝယ် လုပ်ခဲ့သည်။ အလုပ်လည်းကြိုးစားလုပ်ကိုင်ခဲ့သည်။ လုပ်ငန်းအဆင်မပြေခင်ကာလများကဆိုလျှင် နံနက်စာနှင့်နေ့လယ်စာပေါင်းစားပြီး ခြိုးခြံခဲ့ရသည်။ နွေရာသီအခါကာလ ခရီးသွားလာရင်း ဖျော်ရည်အအေးသောက်ချင်သည့်တိုင် ငွေအပိုကုန်ရချေရဲ့ဆိုကာ ရိုးရိုးရေပဲသောက်ခဲ့သည်။ လုပ်ဖော်ကိုင်ဖက်များ လက်ဖက်ရည်သောက်ကြ၊ မုန့်စားကြသည့်တိုင် ဦးလှကျော်တစ်ယောက် ထန်းလျက်ခဲကိုက်ကာ ရေနွေးကြမ်းသောက်ခဲ့သည်။ အဝတ်အစားဆိုလည်း အပိုတန်ဆာ မဝတ်ခဲ့။ အလှူမင်္ဂလာနှင့် ပွဲလမ်းသဘင်သွားသည့်အခါမျိုးမှသာ ဝတ်ကောင်းစားလှ ဝတ်ဆင်သည်။ မိမိအတွက်ခြိုးခြံချွေတာခဲ့သော်လည်း ဇနီးနှင့်သားတို့မှ မျက်နှာပန်းလှအောင် လူလုံးလှအောင် နေထိုင်စားသောက်စေခဲ့သည်။

အလုပ်နှင့်ပတ်သက်၍ မြစ်ကူးချောင်းခြား ခရီးသွားရသည်က များသည်။ လုပ်ငန်းသဘောအရ ရေလမ်းဖြင့် သွားလာရသည်မှာ အဆင်ပြေသော်လည်း ရေလမ်းခရီးမသွားချင်။ ရေမကူးတတ်တာလည်းပါသည်။ သို့သော် သားမယားအပေါ် မေတ္တာစေတနာအားကြီးသည်မို့ မသွားချင်ပေမယ့် သွားခဲ့သည်။ ရေလမ်းခရီးဖြင့် အသက်ဘေးသုံး၊ လေးကြိမ်ကြုံခဲ့ရသည်။ ရာသီဥတုနှင့် လုပ်ငန်းအခြေအနေပေါ်မူတည်ကာ ကားလမ်းရထားလမ်းတို့ဖြင့် သွားရသည်လည်းရှိသည်။ မီးရထားနှင့် သွားစဉ်တစ်ခါကလည်း လက်မှတ်အခက်အခဲကြောင့် ကုန်တွဲပေါ်အိပ်လိုက်ခဲ့ရာ တွဲပေါ်မှ ကျလုကျခင် မိတ်ဆွေတစ်ဦးက အဆွဲမြန်၍ အသက်ဘေးမှ လွတ်ခဲ့သည်။

‘ကိုယ့်ဘဝဟာ သား၊ သားဘဝဟာ ကိုယ်’ဆိုတဲ့ မေတ္တာစိတ်ထားသံယောဇဉ်အားဖြင့် ဦးလှကျော် တစ်ယောက် ခရီးလမ်းတွေ မည်မျှကြမ်းကြမ်း အဘယ်သို့ကြုံကြုံ ဆက်၍သွားမည် ရှေ့သို့ချီမည်ဟု စိတ်ဝယ်ထားသည်။ သြော်… ဖခင်မေတ္တာအတိုင်းအဆသည်လည်း ကြီးစွတကားလား။

ဦးလှကျော်အိမ်ထောင်မကျခင်က အရက်သောက်လေ့ရှိသည်။ နေ့စဉ်ရက်ဆက်တော့မဟုတ် တစ်ပတ်မှာ နှစ်ကြိမ်သုံးကြိမ်သောက်ဖြစ်သည်။ အလုပ်ပန်း စိတ်ပန်းဒဏ်မခံနိုင်သည်မို့ စိတ်ပြေသဘောသောက်ခြင်းသာဖြစ်သည်။ ပင်ကိုယ်စိတ်က အရက်ကိုမကြိုက်။ အပေါင်းအဖော်များနှင့် သောက်လေ့သောက်ထလည်းမရှိပေ။ တစ်ယောက်တည်း သောက်လေ့ရှိသည်။ အိမ်ထောင်ကျသည့်အခါ အသောက်ကျဲသွားသည်။ မောင်ကျော်တင့်မွေးပြီးနောက်ပိုင်းတွင်မူ လုံးလုံးမသောက်တော့။ ငွေစုသည့်သဘောလည်းပါသည်။ ကျန်းမာရေးအတွက်လည်း ပါသည်။ ကျန်းမာမှ အလုပ်လုပ်နိုင်မည်။ အလုပ်လုပ်နိုင်မှ လုပ်ငန်းအဆင်ပြေမည်။ ငွေစုနိုင်မည်။ ဤသို့ပင် ဦးလှကျော်စိတ်ပိုင်းဖြတ်၍ တစ်ကိုယ်တည်း စီမံကိန်းချခဲ့သည်။

တကယ်လည်း ဦးလှကျော် အရက်မသောက်တော့ပါ။ ကွမ်းယာတော့စားသည်။ ကွမ်းစားသည်ဆိုသော်လည်း တစ်နေ့လုံးမှ လေး၊ ငါးယာသာစားသည်။ အထူးသဖြင့် ညနေ ထမင်းစားပြီး ကွမ်းယာမြုံ့၍ စီးပွားရေး၊ ကြီးပွားရေးစဉ်းစားသည့်အချိန်တွင် စားဖြစ်သည်။ လုပ်ငန်းဖြင့် ခရီးသွားသည့်အခါတွင်လည်း အပေါင်းအဖော်များက စားသောက်ပျော်ပါးကာ သွားသွားလာလာ လာရှိကြသော်လည်း ထိုအထဲတွင် ဦးလှကျော်မပါခဲ့။

ဦးလှကျော်သည် သမ္မာအာဇီဝနှင့် လုပ်ငန်းကြိုးစားကာ မိသားစုလူနေမှုဘဝကို မြှင့်တင်သည်။ မိမိငယ်စဉ်ကလို မိသားစုမဆင်းရဲရအောင် အစဉ်ရှေးရှုခဲ့သည်။ အထူးသဖြင့် သားဖြစ်သူဘဝရှေ့ရေး အရှည်တွေးဆသည်။

ထိုသို့ ကိုယ်စွမ်းဉာဏ်စွမ်းဖြင့် ကြိုးစားလုပ်ကိုင်နေချိန်၌ပင် ဇနီးဖြစ်သူဆုံးပါးသွားသည်။ လင်နှင့်မယား တက်ညီလက်ညီဖြင့် ဘဝခရီးလျှော်ခတ်နေခိုက် တက်တစ်လက်ကျိုးသွားသည့်နှယ်ဖြစ်ခဲ့သည်။ ဦးလှကျော်က ရှေ့ကစီးပွားရှာ၊ ဇနီးဖြစ်သူက နောက်ပိုင်းမှ အိမ်ထောင်မှုကိစ္စအဝဝလုပ်ဆောင်၊ အိမ်တစ်ဆောင် မီးတစ်ပြောင် တင့်တင့်တယ်တယ်နေနိုင်သည့် အခြေဖြစ်လာပြီ။ ဤသို့ဖြစ်လာသည်မှာလည်း ဇနီးသည်၏ စီးတဲ့ရေ ဆည်တဲ့ကန်သင်းဆိုသလို ချွေချွေတာတာ စုစုဆောင်းဆောင်းဖြင့် အနေလိမ္မာမှုကြောင့်လည်း ဖြစ်သည်။ သို့ရာတွင် ဇနီးသည်ခမျာ အသက်မရှည်ရှာခဲ့။

ဇနီးသည်ဆုံးတော့ သားမောင်ကျော်တင့် ခြောက်တန်းရောက်နေပြီ။ ဇနီးသည် မရှိတော့သည့်နောက်ပိုင်း သားဖြစ်သူအား ချစ်အားပင်တိုးလို့ မိခင်လိုတစ်မျိုး၊ ဖခင်လိုတစ်သွယ် ပျိုးထောင်ခဲ့သည်။ သို့ရာတွင် စီးပွားရေးတစ်ဖက်နှင့်မို့ သားဖြစ်သူအပေါ် ထိန်းကျောင်းမှုအားတော့ လျော့ရဲခဲ့သည်။ သို့နှင့်ပင် မောင်ကျော်တင့်တစ်ယောက် ရှစ်တန်းရောက်ခဲ့သည်။

မောင်ကျော်တင့် ရှစ်တန်းရောက်ချိန်တွင် ဆေးလိပ်သောက်တတ်လာသည်။ အပေါင်းအသင်းများလာသည်။ ကျောင်းပြေးတတ်လာသည်။

ဦးလှကျော်မှာ သားအကြောင်းကြားသိရသည့်အခါ စိတ်မကောင်းဖြစ်မိသည်။ သားဖြစ်သူ၏ အကျင့်စရိုက်များကို လုံးဝမနှစ်မြို့ဖြစ်မိသည်။ မိမိမျှော်မှန်းသည့် အရာရှိ၊အရာခံပညာတတ်ဖြစ်စေလိုသည့်လမ်းနှင့် အလွဲကြီးလွဲနေသည်။ မိတဆိုးသားလေးမို့ အတင်းအကျပ်ကြီးလည်း မပြောရက်၊ မလုပ်ရက်၊ စကားနှင့်သာ ဆုံးမခဲ့သည်။

‘ဒီမှာသား..ဖေဖေဟာ သားကိုပညာတတ်ဖြစ်စေချင်တာ၊ ပညာတတ်မှ ဘဝခရီးလျှောက်တဲ့အခါ မပင်ပန်းမှာသား။ လိမ္မာပါသားရယ်၊ သား …အခုလုပ်ရပ်တွေက လမ်းလွဲနေတယ်သား..’

‘သူများတွေဆိုးတိုင်း လိုက်မဆိုးချင်စမ်းပါနဲ့ သားရယ်’ ‘ဆိုးတယ်ဆိုတာ မကောင်းပါဘူး၊ အဖေဆိုအရင်က ဆိုးခဲ့တာ၊ အခုမဆိုးတော့ဘူး’

‘အခု အဖေလုပ်နေတာ သားအတွက်ချည်းပဲ၊ သားက လိမ္မာဖို့၊ စားကြိုးစားဖို့ပဲလိုတယ် သားရယ်၊ သားလည်း ဆယ်တန်းအရွယ်တောင်ရောက်လာပြီ၊ စဉ်းစားတွေးခေါ်တတ်ပါပြီ သားရယ်..’

ဤသို့ ဤနှယ်သားဖြစ်သူကို စကားအရာနှင့်သာ ဆုံးမခဲ့သည်။ အလိုလိုက် အကြိုက်ဆောင်ခဲ့သည်။ လက်ရှိသူငယ်ချင်းများနှင့် အဆက်ပြတ်စေရန်ကျောင်းပြောင်းထားသည်။ ဒီလိုနှင့် မောင်ကျော်တင့် ဆယ်တန်းရောက်ခဲ့သည်။

(ဆက်လက်ဖော်ပြပါမည်)

## ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများ အသိပညာပေးရှင်းလင်း



ရေနံချောင်း မတ် ၉

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများ အသိပညာပေး ရှင်းလင်း ဟောပြောပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇင်ဦးက အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်(၁) ဗိုလ်မှူး အောင်မင်းနိုင်နှင့် မြို့နယ်ဥပဒေအရာရှိ ဒေါ်ချစ်ဆုအိမ်တို့က ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများနှင့်ပတ်သက်၍ အသိပညာပေး ရှင်းလင်းရာ တက်ရောက်လာသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြသည်။

အဆိုပါ ဟောပြောပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်/ကျေးစာရေးဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။ (အပေါ်ဝဲပုံ)(၄၇၂)

ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယုဇနလေး

## ဉာဏ်နဲ့ယှဉ်ပါ အရာရာ

* အသိဉာဏ် ချို့တဲ့လျှင်ဖြင့်
အလင်းမဲ့ ညပမာ
ဘဝတွေ မှောင်မိုက်လို့
ငိုရှိုက်ရမှာ။

* ကောင်းသတင်း မွှေးလျက်ပင်
ဘဝတွင် အောင်မြင်ရ
လူဆိုသည် အမှန်၊ အမှား
စဉ်းစားသင့်လှ။

* ဘုရားရှင် ဟောညွှန်ပြ
မဇ္ဈိမပဋိပဒါ
သင်ကိုယ်တိုင် နှလုံးသွင်း
အမှန်းကင်းကွာ။

* မကောင်းမှု ရှောင်ဖယ်ခွာ
လူ့ပြည်ရွာ တည်ငြိမ်အေး
အနာဂတ်တွင် ရွှေရောင်လွှမ်းဖို့
ကြိုးပမ်းစို့လေး။ ။

မောင်မောင်လင်းထွဋ်(နန်းတော်ရှေ့)

## အခြေခံစက်ချုပ်နည်းပညာသင်တန်း(၈/၂၀၂၅)ဆင်းပွဲ အခမ်းအနား ကျင်းပ

ကလေး မတ် ၉

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့တွင် ကလေးအလုပ်သမားပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီနှင့် ကလေးခရိုင် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော အခြေခံစက်ချုပ်သင်တန်း(၈/၂၀၂၅) ဆင်းပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၃နာရီခွဲက မြို့နယ်စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကလေးခရိုင် စီမံအုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးတင့်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကလေးအလုပ်သမားပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းများ၊အသေးစား၊ အငယ်စားနှင့် အလတ်စား အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သင်တန်းသားများအနေဖြင့် မိမိတို့သင်ယူကြရမည့်သင်ခန်းစာများကို ဂရုတစိုက်လေ့လာ၍ ကိုယ်ပိုင်လုပ်ငန်းများ လုပ်ကိုင်နိုင်သည်အထိ အောင်မြင်အောင် ဆက်လက်ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။



အခမ်းအနားသို့ ကလေးခရိုင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးအဖွဲ့ဝင်များ၊ သင်တန်းသား၊ သင်တန်းသူများ၊ စုစုပေါင်း ၁၀၀ ဦး တက်ရောက်ကြသည်။

အဆိုပါ သင်တန်းကို ဖေဖော်ဝါရီ ၅ ရက်မှ မတ် ၄ ရက်အထိ သင်တန်းသား၊ သင်တန်းသူ ၂၀ ဦးအား နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

(အပေါ်ယာပုံ)

မြို့နယ်(ပြန်/ဆက်)

## မွေးကင်းစမှ အသက်(၁)နှစ်ခွဲအထိ ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေးထိုးနှံပေးလျက်ရှိ

ဆင်ပေါင်ဝဲ မတ် ၉

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့၌ မွေးကင်းစမှ အသက်တစ်နှစ်ခွဲအထိ ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းကို မတ် ၆ ရက် နံနက် ၉ နာရီက မြို့နယ်ကျန်းမာရေးဦးစီးဌာနရုံး ခန်းမ၌ မွေးကင်းစမှ အသက်တစ်နှစ်ခွဲအထိ ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေးထိုးနှံပေးလျက်ရှိသည်။

အဆိုပါကာကွယ်ဆေးထိုးနှံပေးရာတွင် မွေးကင်းစမှ အသက်တစ်နှစ်ခွဲအထိ ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေးထိုးနှံပေးရာတွင် အသက်နှစ်လ ကလေးငယ်များကို ဘီစီဂျီ၊ပြင်းထန်ဝမ်းပျက်ဝမ်းလျှော၊ ပိုလီယို၊ ပြင်းထန်အဆုတ်ရောင်၊ ဆုံဆို့၊ ကြက်ညှာ၊ အသည်းရောင်အသားဝါ(ပထမအကြိမ်)၊ လေးလအရွယ် ကလေးငယ်များကို ပိုလီယို၊ ပြင်းထန်အဆုတ်ရောင်၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)၊ ဦးနှောက်အမြှေးရောင်(ဒုတိယ)အကြိမ်၊ ခြောက်လမှာ (တတိယအကြိမ်) ထိုးနှံရပြီး အသက်ကိုးလမှာ ဂျပန်ဦးနှောက်ရောင်၊ ဝက်သက်၊ ဂျိုက်သိုး (ပထမ)အကြိမ်နှင့် အသက်တစ်နှစ်(ခွဲ)မှာ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)ဦးနှောက်အမြှေးရောင်(ငါးမျိုးစပ်) ကာကွယ်ဆေးများကို စတုတ္ထအကြိမ်နှင့် ဝက်သက်၊ ဂျိုက်သိုး ကာကွယ်ဆေးများကို ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။



(ယာပုံ)

ခန့်ဝင်း(ဆင်ပေါင်ဝဲ)



## တက္ကသိုလ်ကြက်ခြေနီအသင်းခွဲများ ဖွံ့ဖြိုးရေးဆောင်ရွက်

မန္တလေး မတ် ၉

မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး ဦးကျော်ကျော်နှင့် ကော်မတီဝင်များသည် မတ် ၈ ရက်က မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဆေးတက္ကသိုလ်(မန္တလေး)တွင် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီလူငယ်အဖွဲ့ခေါင်းဆောင် မဇင်မာလင်းနှင့် အဖွဲ့မှ ဆေးတက္ကသိုလ်(မန္တလေး) ကြက်ခြေနီအသင်းခွဲတွင် ကြက်ခြေနီအသင်းအကြောင်း မိတ်ဆက်ခြင်း သင်တန်းပို့ချနေမှုများအား သွားရောက်ကြည့်ရှု၍ တက္ကသိုလ်ကြက်ခြေနီလူငယ်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်စကားပြောကြားခဲ့ပြီး တက္ကသိုလ်ကြက်ခြေနီအသင်းခွဲများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။




(ဝဲပုံ)(၀၄၅)

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၁၄ ဦး လွှဲပြောင်းပေးအပ်ခဲ့ပြီး ၁၄၀ ကို ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် မတ် ၉

မြန်မာ-တရုတ်-ထိုင်း သုံးနိုင်ငံအကြား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation) ဖြင့် အွန်လိုင်းအသုံးပြု လိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေကြသူများ၊ ပါဝင်ပတ်သက်သူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော ပြည်ပနိုင်ငံသားများကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ် ဖမ်းဆီးထိန်းသိမ်းလျက်ရှိရာ ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ် မယ်ထော်သလေး နှင့် KK Park နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၁၄ ဦးကို ယနေ့တွင် သက်ဆိုင်ရာနိုင်ငံသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၁၄၀ ကို ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။



အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံသို့ လွှဲပြောင်းပေးအပ်စဉ်။

## လွှဲပြောင်းပေးအပ်

အဆိုပါ ထိန်းသိမ်းထားသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံသို့ ပြည်နှင့်လွှဲပြောင်းပေးအပ်ခဲ့ရာ၌ ယနေ့တွင် တရုတ်နိုင်ငံသား ၂၁၄ ဦးကို မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံ၍ ပြည်နှင့်လွှဲပြောင်းပေးရာ အဆိုပါလွှဲပြောင်းပေးအပ်ပွဲသို့ ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Liu Ning Ning နှင့် ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ ကိုယ်စားလှယ်များထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

အလားတူ မြဝတီမြို့- မယ်ထော်သလေး နယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသား ၁၄၀ ကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မတ် ၉ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၄၈၄၂ ဦးကို စစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၂၁၈၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၆၅၃ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် မတ် ၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Mg Aye Tun” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ပြည်သာယာရပ်ကွက်နေ အောင်မြတ်လင်းအား ည ၈ နာရီ မိနစ် ၄၀ တွင် ပြည်မြို့ အမှတ် (၃) နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တာချီလိတ်မြို့တွင် စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၉**

မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ ယမန်နေ့ ညနေ ၄နာရီ ၄၅ မိနစ်က တာချီလိတ်မြို့၊ မကာဟိုခမ်းရပ်ကွက်၊ ဂေါ်သဇင်လမ်းတွင် နိုင်ကိုဦးဆိုသူ မောင်းနှင်ပြီး မနန်းကူဆိုသူ လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ စိတ်ပြောင်းဆေးဝါး Happy Water အလေးချိန် ၁ ဒသမ ၂ ကီလိုနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ညနေ ၅ နာရီက အဆိုပါ စိတ်ပြောင်းဆေးဝါးများရောင်းချသူ မနန်းရှဲန်ဟောင်ဆိုသူအား ၎င်းနေထိုင်သည့် တာချီလိတ်မြို့၊ မယ်ခေါင်ရပ်ကွက်ရှိ နေအိမ်တွင် လက်ကိုင်ဖုန်းတစ်လုံးနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် နိုင်ကိုဦး(၂၃)နှစ်၊ မနန်းကူ(၂၂)နှစ်နှင့် မနန်းရှဲန်ဟောင်(၂၈)နှစ်ဆိုသူတို့အား တာချီလိတ်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များကိုဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

ဝ-ဝ-ဝ-ဝ

# မီးဘေးလုံခြုံရေးအသိပညာပေး၊ မီးငြိမ်းသတ်ခြင်းလက်တွေ့သရုပ်ပြသ

**မန္တလေး မတ် ၉**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ဝန်ထမ်းများအား မတ် ၇ရက် နံနက် ၁၀နာရီက ချမ်းမြသာစည်မြို့နယ် မီးသတ်ဦးစီးမှူး ဦးမင်းမင်းစိုးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးအသိပညာပေးဟောပြောခြင်း၊ ဓာတ်ဆီမီးလောင်မှု၊ ဂတ်စ်မီးလောင်မှု၊ မော်တော်ယာဉ်မီးလောင်မှုများ၊ လောင်စာဆီများအားရွှေ့ပြောင်းစဉ် မီးလောင်မှုများအား လက်တွေ့မီးငြိမ်းသတ်ခြင်း သရုပ်ပြသမှုများ ဆောင်ရွက်ခဲ့သည်။

မီးငြိမ်းသတ်မှုသရုပ်ပြသခြင်းကို ချမ်းမြသာစည်မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဒုတိယဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ရပ်ကွက်စာရေးဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများတက်ရောက်ခဲ့ကြပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတိပြုရေးလက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြောင်း သိရသည်။

(ဝ၄၅)

# ချောင်းဝကျေးရွာ၌ နေအိမ်ခြောက်လုံး မီးလောင်မှုဖြစ်ပွား

**ရေနံချောင်း မတ် ၉**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ် ပင်းဝကျေးရွာအုပ်စု ချောင်းဝကျေးရွာ၌ မတ် ၆ ရက် ည ၁၁ နာရီ ၁၅မိနစ်က ဦး----၏ သုံးပင်ထန်းရွက်မိုး၊ ထရံကာနေအိမ်တစ်လုံးမှ မီးစတင်လောင်ကျွမ်းရာမှ အနီးရှိ နေအိမ်ငါးလုံးအား မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။



မီးလောင်မှုဖြစ်ပွားရာသို့ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကြည်စိုးဟန်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ် နှစ်စီး၊ ရေသယ်ယာဉ်နှစ်စီး၊ ရေနံမီးသတ်ရေသယ်ယာဉ် တစ်စီး၊ အဖြူရောင်တွဲလက်ညီကိုများ ပရဟိတရေသယ်ယာဉ်တစ်စီးတို့ဖြင့် သန္တေတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာနေပြည်သူများနှင့် ဝိုင်းဝန်းပူးပေါင်း ငြိမ်းသတ်ခဲ့ရာ ၁၁ နာရီ မိနစ်၅၀ တွင် မီးလုံးဝငြိမ်းသတ်နိုင်ခဲ့ကြောင်း၊ မီးလောင်မှုကြောင့် နေအိမ်ခြောက်လုံးနှင့် ဝက်ငယ်နှစ်ကောင် မီးလောင်ဆုံးရှုံးခဲ့ပြီး လူထိခိုက်မှုမရှိကြောင်းနှင့် မီးဘေးသင့်ပြည်သူများအား ကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ယာယီပြောင်းရွှေ့ထားသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ မီးမဆင်မခြင် ပေါ့ဆစွာသုံးခဲ့မှုကြောင့် ချောင်းဝကျေးရွာ နေ ဦး-----အား လက်မှတ်ကုန်းနယ်မြေရဲစခန်းမှ အမှုဖွင့်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

* - * - * - * - *

* - * - * - * - * - *

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ရာထူးဆိုင်းငံ့ခံ တောင်ကိုရီးယားသမ္မတ ယွန်းဆွတ်ယူးလ်လွတ်မြောက်ခွင့်ရကာ ထိန်းသိမ်းရေးစခန်းမှ ထွက်ခွာသွား



**ဆိုးလ် မတ် ၉**

ဖမ်းဆီးခံထားရသည့်ခေါင်းဆောင်အား ဖမ်းဆီးမှုစာချုပ်ပယ်ဖျက်ရန် တရားရုံး၏ဆုံးဖြတ်ချက်ကို အယူခံမတင်သွင်းစေရန် အမှုဆောင်ညွှန်ကြားရေးမှူးများ ဆုံးဖြတ်ပြီးနောက် တောင်ကိုရီးယားသမ္မတ ယွန်းဆွတ်ယူးလ် ထိန်းသိမ်းရေးစခန်းမှ မတ် ၈ ရက်တွင် ထွက်ခွာသွားခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အသက် ၆၄ နှစ်ရှိပြီဖြစ်သော ယွန်းသည် သူ၏တာဝန်များမှ ဆိုင်းငံ့ထားဆဲဖြစ်ပြီး ဒီဇင်ဘာ ၃ ရက်တွင် စစ်အုပ်ချုပ်ရေးကြေညာခဲ့ခြင်းနှင့် ပတ်သက်၍ ရာဇဝတ်မှုနှင့် ဖြတ်ချရေးစွဲဆိုမှုများ ဆက်လက်အသက်ဝင်နေဆဲဟု ဆိုသည်။

၎င်း တရားစွဲဆိုခံရသည့် အချိန်နှင့် စုံစမ်းစစ်ဆေးရေးလုပ်ငန်းစဉ်၏ တရားဝင်မှုဆိုင်ရာ မေးခွန်းများကို ကိုးကား၍ မတ် ၇ ရက်တွင် ယွန်းဖမ်းဆီးခံရသည့် အမှုတွဲကို ဆိုးလ်ဗဟိုခရိုင်တရားရုံးက ပယ်ဖျက်ခဲ့သည်။

တရားမဝင်မှုကို ပြင်ဆင်ရာတွင် ဗဟိုခရိုင်တရားရုံး၏ သတ္တိနှင့် စိတ်ပိုင်းဖြတ်မှုအတွက် ကျေးဇူးတင်ပါသည်ဟု ယွန်းက ထုတ်ဖော်ပြောကြားခဲ့သည်။

၎င်းသည် အဆောက်အအုံမှ ထွက်ခွာသွားစဉ် လည်ပတ်မပါသောအနက်ရောင်ဝတ်စုံဝတ်ဆင်ထားသည်။ ဆံပင်များဖြူနေသော ယွန်းသည် ၎င်း၏ကားထဲမှ ထွက်၍ တောင်ကိုရီးယားနှင့် အမေရိကန်အလံများကို လှုပ်ရမ်း၍ အားပေးသူများကို ဦးညွှတ်ခဲ့ကြောင်း သိရသည်။

**Mon**



## ပဟိုဘဏ် ဘောဂဗေဒပညာရှင်ဟောင်း မာ့ခ်ကာနီကို ကနေဒါဝန်ကြီးချုပ် ထရူဒိုး နေရာ၌ အစားထိုးဖွယ်ရှိ

**အော့တဝါ မတ် ၉**

ကနေဒါနိုင်ငံ၏ လစ်ဘရယ်ပါတီသည် မတ် ၉ ရက်တွင် ဝန်ကြီးချုပ် ဂျပ်စတင် ထရူဒိုးနေရာ၌ အစားထိုးမည့် ဗဟိုဘဏ် ဘောဂဗေဒပညာရှင်ဟောင်း၊ နိုင်ငံရေးအရ အတွေ့အကြုံမရှိသေးသူ မာ့ခ်ကာနီကို နောက်လာမည့်ခေါင်းဆောင်အဖြစ်ရွေးချယ်ရန် ပြင်ဆင်နေကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

မာ့ခ်ကာနီသည် ကနေဒါဗဟိုဘဏ်နှင့် အင်္ဂလန်ဗဟိုဘဏ်၏ ဘဏ်အုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး မတ် ၉ရက် နေ့လယ်ပိုင်းတွင် ပါတီအဖွဲ့ဝင် ၄၀၀၀၀၀ခန့်၏ မဲပေးမှုရလဒ်များ ကြေညာချိန်တွင် လစ်ဘရယ်ပါတီ၏ ခေါင်းဆောင်သစ်အဖြစ် ရွေးချယ်ခံရမည်ဟု မျှော်မှန်းထားသည်။

အခြားအဓိကပြိုင်ဘက်မှာ ထရူဒိုး၏ ယခင် ဒုတိယဝန်ကြီးချုပ် ခရစ္စတီယာဖရီးလန်းဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် ပထမဆုံးအကြိမ်ရွေးကောက်တင်မြှောက်ခံခဲ့ရသည့် လစ်ဘရယ်အစိုးရတွင် အကြီးတန်း ဝန်ကြီးရာထူးများ အကြိမ်ကြိမ် ထမ်းဆောင်ခဲ့ဖူးသည်။

ကာနီသည် ထရူဒိုး၏ ဝန်ကြီးအဖွဲ့အများအပြားအပါအဝင် ထောက်ခံမှုများစွာရရှိထားပြီး ဖရီလန်းအနိုင်ရရှိပါက လစ်ဘရယ်ပါတီအတွက် အထွေထွေရွေးကောက်ပွဲသို့ ဦးတည်နေစဉ် အံ့အားသင့်စရာ ဖြစ်လာနိုင်ကြောင်း သိရသည်။ **Mon**

## နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောတစ်စင်းကို မြောက်ကိုရီးယားဘက်က ပထမဆုံးထုတ်ဖော်ပြသ

**ပြုံယမ်း မတ် ၉**

မြောက်ကိုရီးယားသည် တောင်ကိုရီးယားနှင့် အမေရိကန်ပြည်ထောင်စုအတွက် အဓိကလုံခြုံရေးခြိမ်းခြောက်မှုတစ်ရပ်ဖြစ်နိုင်သည့် လက်နက်စနစ်တစ်ခုဖြစ်သော နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောတစ်စင်းကို မတ် ၉ ရက်က ပထမဆုံးအကြိမ်ပြသခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

စစ်သင်္ဘောများတည်ဆောက်ရာ သင်္ဘောကျင်းကြီးများကို ခေါင်းဆောင် ကင်မ်ဂျောင်အွန်းသွားရောက်ခဲ့ရာ နျူကလီးယားစွမ်းအင်သုံး နည်းဗျူဟာမြောက် ဒုံးပျံထိန်းချုပ်ရေငုပ်သင်္ဘောကို ၎င်း စစ်ဆေးကြည့်ရှုနေသော ဓာတ်ပုံများထွက်ပေါ် လာခဲ့သည်။

ယင်းရေငုပ်သင်္ဘောသည် တန်ချိန် ၆၀၀၀မှ ၇၀၀၀အထိ ရှိနိုင်ပြီး ဒုံးပျံပေါင်း ၁၀ စင်းခန့် သယ်ဆောင်နိုင်ဖွယ်ရှိမည်ဟု တောင်ကိုရီးယားရေငုပ်သင်္ဘောကျွမ်းကျင်သူ မွန်ကီယွန်းရှစ်က ခန့်မှန်းကြောင်း သိရသည်။

**Mon**



## အသက် ၈၈ နှစ်အရွယ် ပုပ်ရဟန်းမင်းကြီး ဖရန်စစ် ဆေးကုသမှုခံယူနေစဉ် ကောင်းမွန်သောတုံ့ပြန်မှုပြသ

**ရောမ မတ် ၉**

ပုပ်ရဟန်းမင်းကြီးသည် အဆုတ်အအေးမိရောဂါအတွက် ဆေးရုံတွင် ဆေးကုသမှုခံယူနေစဉ် ကောင်းမွန်သော တုံ့ပြန်မှုပြသနေပြီး ၎င်း၏အခြေအနေမှာ တဖြည်းဖြည်းတိုးတက်လာနေကြောင်း ဗာတီကန်သာသနာပြန်ကြားရေးဌာနက မတ် ၈ရက်တွင် အတည်ပြုကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အသက် ၈၈နှစ်အရွယ် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် ပြင်းထန်သော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကူးစက်မှုဖြင့် ရောမမြို့ရှိ ဂျေမယ်လီဆေးရုံတွင် သုံးပတ်ကျော်ကြာကုသမှုခံယူခဲ့ရသည်။

နောက်ဆုံးတွင်ထွက်ပေါ်လာသောအသေးစိတ်ဆေးဘက်ဆိုင်ရာအချက်အလက်များအရ ပုပ်ရဟန်းမင်းကြီးသည် အဖျားမရှိဘဲ ပုံမှန်ဆက်လက်ရှိနေပြီး သူ၏ သွေးစစ်ဆေးမှုများမှာလည်း ပုံမှန်သာရှိနေကြောင်း သိရသည်။

**Mon**

လူနေမှုစရိတ်များကို ကူညီဖြေရှင်းပေးရန်အတွက် စင်ကာပူ အနောက်တောင်ပိုင်း ရပ်ကွက်ဖွံ့ဖြိုးရေးကောင်စီက မတ် ၉ရက်တွင် စတင်ခဲ့သော အစီအစဉ်အရ ရပ်ကွက်အတွင်းရှိ အလိုအလျောက်အစားအသောက်စက်များမှ ထမင်းဟင်းများကို ထုတ်ယူနိုင်စေမည့် စက်တစ်လုံးကို တွေ့ရစဉ်။ **Mon**




## ဩစတြေးလျအရှေ့ဘက်ကမ်းရိုးတန်းရေကြီးမှုကြောင့် လူတစ်ဦးသေဆုံး၊ အစိုးရတပ်ဖွဲ့ဝင် ၁၃ ဦး ဒဏ်ရာရရှိ



**ကင်ဘာရာ မတ် ၉**

ဩစတြေးလျနိုင်ငံအရှေ့ဘက် ကမ်းရိုးတန်းတစ်လျှောက် မုန်တိုင်းဒဏ်ကြောင့် ရေကြီးမှုအတွင်း လူတစ်ဦးသေဆုံးကာ အစိုးရတပ်ဖွဲ့ဝင် ၁၃ ဦး ယာဉ်တိုက်မှုကြောင့် ဒဏ်ရာရရှိခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အဲလ်ဖရက်ဆိုင်ကလုန်းမုန်တိုင်းသည် မတ် ၈ ရက်က အားလျော့သွားပြီး အပူပိုင်းမုန်တိုင်းအဖြစ်သို့ ပြောင်းလဲသွားကာ ညနေပိုင်းတွင် ကွင်းစ်လန်ပြည်နယ်၏ မြို့တော် ဘရစ္စဘိန်းအနီးမှ ကုန်းတွင်းသို့ ဝင်ရောက်လာခဲ့သည်။

မုန်တိုင်းအန္တရာယ်မပြီးဆုံးသေးကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားခဲ့ပြီး နေထိုင်သူများအား အိမ်အတွင်း၌သာ နေထိုင်ရန် သတိပေးခဲ့သည်။

လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်များနှင့် ဓာတ်အားလိုင်းများ ပြတ်ကျခဲ့ပြီး မြေနိမ့်ပိုင်းလမ်းများတွင် ရေကြီးမှုများဖြစ်ပေါ်ကာအိမ်ခြေ ၃၀၀၀၀၀ ကျော်ဓာတ်အားပြတ်တောက်နေကြောင်း သိရသည်။ **Mon**

## စားသောက်ဆိုင်အတွင်း အုပ်စုဖွဲ့သေနတ်ပစ်ခတ်မှုဖြစ်ပွား၊ တိုရွန်တိုမြို့ ရဲတပ်ဖွဲ့က လူသုံးဦးကို လိုက်လံစုံစမ်းရှာဖွေနေ

**အော့တဝါ မတ် ၉**

တိုရွန်တိုမြို့ရဲတပ်ဖွဲ့က လူလူသုံးဦးကို ကနေဒါနိုင်ငံရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် လူအနည်းဆုံး ၁၂ ဦး ဒဏ်ရာရခဲ့သည့် ပစ်ခတ်မှုတွင် ပါဝင်သည်ဟု သံသယရှိသဖြင့် ရှာဖွေနေကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အာဏာပိုင်များအဆိုအရ မျက်နှာဖုံးစွပ်ထားသော လက်နက်ကိုင်များသည် မတ်၇ ရက်က စားသောက်ဆိုင်တစ်ဆိုင်ဖွင့်ပွဲည၌ ပစ်ခတ်မှုကျူးလွန်ခဲ့သည်။

ယင်းပစ်ခတ်မှုသည် မကြာသေးမီနှစ်များအတွင်း လက်နက်များရောင်းချမှုကို ချုပ်ငြိမ်းစေရန် ဥပဒေပြုသူများကို လှုံ့ဆော်ပေးခဲ့သော ကနေဒါနိုင်ငံတွင် နှစ်ပေါင်းများစွာအတွင်း သေနတ်အကြမ်းဖက်မှုမြင့်တက်လာခြင်းကိုပြသသော နောက်ဆုံးဖြစ်ရပ်ဖြစ်သည်။

"အဲ့ဒီလူတွေ ဘားထဲကို ဝင်လာပြီး အထဲရောက်တော့ သေနတ်တွေကို ထုတ်ပြီး ဘားထဲမှာ ထိုင်နေတဲ့လူတွေကို ဝေ့ရမ်းပစ်ခတ်ခဲ့တာဖြစ်ပါတယ်" ဟု အုပ်စုဖွဲ့ ရာဇဝတ်မှုတိုက်ဖျက်ရေးဌာနမှ ရဲအရာရှိပေါလ် မက်ကလင်တိုင်ယာက သတင်းထောက်များကို ရှင်းလင်းပြောကြားသည်။

အခင်းဖြစ်ပွားစဉ် သေနတ်ဒဏ်ရာရသူ ခြောက်ဦးသည် အသက်အန္တရာယ်မရှိကြောင်း၊ ကွဲသွားသော ဖန်ခွက်များကြောင့် ဒဏ်ရာရခဲ့သူများလည်း ရှိကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။

ထိုသေနတ်ပစ်ခတ်မှု၏ ရည်ရွယ်ချက်ကို ဖော်ထုတ်နိုင်ရန် ဆက်လက်စုံစမ်းနေဆဲဖြစ်ကြောင်း သိရသည်။

**Mon**



☆ ရှေ့ဖုံးမှ

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ချစ်ကြည်ရေးခရီးစဉ်တွင် လိုက်ပါသွားသည့် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်ဗိုလ်ချုပ်ကြီး ညီညီစော၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးသန်းဆွေ၊ ဗိုလ်ချုပ်ကြီးမိုးအောင်၊ ဒေါက်တာကံဇော်၊ ဦးကိုကိုလွင်၊ ဒေါက်တာမျိုးသိန်းကျော်၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ စစ်ဘက်၊ နယ်ဘက်မှ တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။

**ဆောင်ရွက်နိုင်ခဲ့**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်နေစဉ်အတွင်း မတ် ၄ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ H.E. Vladimir Vladimirovich Putin နှင့် တွေ့ဆုံဆွေးနွေးခြင်း အပါအဝင် လွှတ်တော်ဥက္ကဋ္ဌများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရအဖွဲ့တာဝန်ရှိသူများနှင့် ကဏ္ဍအလိုက် တွေ့ဆုံဆွေးနွေးမှုများကို ဆောင်ရွက်ခြင်း၊ မြန်မာ-ရုရှား စီးပွားရေးဖိုရမ်များသို့ တက်ရောက်ခြင်းများကို ဆောင်ရွက်ခြင်းတို့အပြင် စိန့်ပီတာစဘတ်နှင့် နိုဗိုစီဗစ်မြို့တို့တွင် မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဖွင့်လှစ်ခြင်း အခမ်းအနားများအား တက်ရောက်ဖွင့်လှစ်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ မြန်မာအဆင့်မြင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ရုရှားနိုင်ငံခရီးစဉ်အတွင်း မြန်မာ-ရုရှား နှစ်နိုင်ငံအစိုးရ နှစ်ရပ်အကြား သဘောတူညီချက်များ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှု စာချွန်လွှာများကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့သည်။

အလားတူ မြန်မာအဆင့်မြင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်နိုင်ငံသို့ နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်စဉ်တွင်လည်း နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် မတ် ၇ ရက်တွင်

စာမျက်နှာ ၃ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများက နေပြည်တော်တပ်မတော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံး၊ စစ်သံရုံးမှ တာဝန်ရှိသူများက နေပြည်တော်တပ်မတော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား အနုပညာရှင်များက နေပြည်တော်တပ်မတော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်တပ်မတော်လေဆိပ်နှင့် လမ်းဘေးဝဲယာတစ်လျှောက်တွင် ပြည်သူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံအလံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ အလံငယ်များကို အသီးသီးကိုင်ဆောင်၍ အလံများ ဝှေ့ယမ်းကာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုနှုတ်ဆက်စဉ်။